**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၅)

၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်
၂၀၂၄ ခုနှစ်၊ မေ ၁၃ ရက်၊ တနင်္လာနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် ကျိုင်းတုံနယ်ရှင် စော်ဘွားကြီး စဝ်ကွန်ကျော့က်အင်းထလျဲန်၏ ဟော်နန်းပုံစံတူပြတိုက်ဖွင့်ပွဲအခမ်းအနားကျင်းပ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

## ယခုကဲ့သို့ တိုင်းရင်းသားတို့၏ သမိုင်းဝင်အဆောက်အဦများ၊ ဘာသာရေးအဆောက်အဦများကို မူလပုံစံမပျက် ပြန်လည်ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းဖြင့် နိုင်ငံတော်၏သမိုင်းအစဉ်အလာကြီးမားမှုကို ဖော်ပြနိုင်မည်ဖြစ်

**နေပြည်တော် မေ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ အမှတ်(၅)ရပ်ကွက်၊ နောင်တုံကန်ပတ်လမ်းရှိ ဟော်နန်းဥယျာဉ်မြေ၊ ဟော်နန်းမြေနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိသည့်နေရာတွင် အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့်ကျိုင်းတုံနယ်ရှင်စော်ဘွားကြီး စဝ်ကွန်ကျော့က်အင်းထလျဲန်၏ ဟော်နန်းပုံစံတူပြတိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊

**စာမျက်နှာ ၁၆ ကော်လံ ၄** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များက ကျိုင်းတုံဟော်နန်းပုံစံတူပြတိုက်အတွင်း ခင်းကျင်းပြသထားမှုများကို စော်ဘွားကြီး၏ဆွေတော်မျိုးတော်များနှင့်အတူ စိတ်ဝင်တစားလိုက်လံကြည့်ရှုစဉ်။



**အယ်ဒီတာ့အာဘော်** (၂၀၂၄ ခုနှစ်၊ မေ ၁၃ ရက်)

# နိုင်ငံ့စီးပွားအလေးထားဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသည့် စီးပွားရေးဦးတည်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတိုးတက်ကောင်းမွန်မှသာ စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများလည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်လာအောင်ဆောင်ရွက်ရာတွင် ပြည်တွင်းလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေးသာမက ပြည်ပနိုင်ငံများသို့ပါ တင်ပို့နိုင်သည်အထိ အရည်အသွေးပြည့်မီသော အဆင့်မီကုန်ပစ္စည်းများထုတ်လုပ်ကြရန်လိုအပ်သည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူလယ်သမားများ၏စိုက်ပျိုးထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ကာ တစ်ဦးချင်းဝင်ငွေတိုးတက်စေရန်ရည်ရွယ်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရ၏ကူညီပံ့ပိုးမှုများနှင့်အတူ သီးနှံများကိုစိုက်ပျိုးထုတ်လုပ်လျက်ရှိရာတွင် မျိုးကောင်းမျိုးသန့်များသုံးစွဲခြင်း၊ စိုက်ပျိုးနည်းစနစ်များပြောင်းလဲစိုက်ပျိုးခြင်း၊ သွင်းအားစုများထည့်သွင်းမှုမှန်ကန်ခြင်းနှင့် စိုက်ပျိုးရိတ်သိမ်းရာတွင် စက်ကိရိယာများကို တွင်ကျယ်စွာအသုံးပြုဆောင်ရွက်နိုင်ခြင်းတို့ဖြင့် တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

မကြာမီကာလတွင်မိုးရာသီကာလကိုရောက်ရှိတော့မည်ဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းများကိုကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရတော့မည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည်များကိုပြင်ဆင်ဆောင်ရွက်ထားရှိခြင်းဖြင့် လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရာတွင် လွယ်ကူအဆင်ပြေချောမွေ့မည်ဖြစ်သည်။ နွေစပါးနှင့်နွေသီးနှံများကို ပြီးခဲ့သည့်ဘဏ္ဍာနှစ်အတွင်း အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်ခဲ့သည့်နည်းတူ မိုးစပါးနှင့်မိုးသီးနှံများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် လူမှုစီးပွားဘဝအဆင်ပြေပြေရှိကြမည်ဖြစ်သည်။ ထို့အတူ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုတွင်အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေးကို နိုင်ငံတော်ကဦးတည်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာတို့ကိုလည်းတိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်သည်။ ဆီထွက်သီးနှံအထွက်နှုန်းတိုးတက်လာမှသာ ပြည်တွင်းစားသုံးဆီဖူလုံပြီး ပြည်ပမှတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်သည်။ ထို့ပြင် ချည်မျှင်ရှည်ဝါသီးနှံစိုက်ပျိုးမှုကိုလည်း မိုးကြို၊ မိုးနှောင်းရာသီအလိုက် လျာထားချက်ပြည့်မီအောင် တိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်သည်။ တိုးချဲ့စိုက်ပျိုးခြင်းနှင့်အတူ ဝါသီးနှံအထွက်နှုန်းတိုးတက်လာအောင်လည်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မွေးမြူရေးကဏ္ဍတွင် တိရစ္ဆာန်များနှင့်ပတ်သက်၍ အပူရှိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးကိုလည်းဂရုပြုကြရမည်ဖြစ်သည်။ အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ထားရှိရန်၊ နံနက်နှင့်ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊ မွေးမြူထားသောတိရစ္ဆာန်များအတွက် သောက်သုံးရေများလုံလောက်စွာရရှိရေးကြိုတင်စုဆောင်းရန်၊ ပူပြင်းသောဒဏ်ကိုကာကွယ်ရန်အတွက် ရေဓာတ်ပါသောအစားအစာများကိုဖြည့်စွက်ကျွေးမွေးရန်၊ တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများစနစ်တကျကြိုတင်စုဆောင်းထားရန်၊ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများပုံမှန်ထိုးနှံထားရန်၊ ခြံနှင့်အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့်ရေပုံးများထားရှိရန်နှင့် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါကသက်ဆိုင်ရာသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်တို့ဖြစ်သည်။

မြန်မာနိုင်ငံ၏ကုန်ထုတ်လုပ်ငန်းများမြှင့်တင်ရေးကဏ္ဍ၌ စိုက်ပျိုးရေးနှင့်မွေးမြူရေးသည်အဓိကအခန်းကဏ္ဍတွင်ပါဝင်ပြီး အဆိုပါလုပ်ငန်းများကိုအခြေခံ၍ စက်မှုကဏ္ဍနှင့်ဝန်ဆောင်မှုကဏ္ဍများတိုးတက်အောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးတက်ထွက်ရှိမှသာ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်စက်ရုံ၊ အလုပ်ရုံများလည်းပတ်မှုကောင်းမွန်လာမည်ဖြစ်သည်။ ထို့အတူ ဘဏ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများလည်းပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းတိုးတက်ရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ်သည်။ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်မှ လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ကြပြီး မိမိတို့ပုဂ္ဂလိကစီးပွားရေး၊ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

**မကွေး၊ လူမှုရေး**

## သောက်ရေပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့(NAG)တို့ပူးပေါင်း၍ လိပ်ကန်ကျေးရွာနှင့် လင့်မြင့်ကျေးရွာတို့၌ လက်ရှိအသုံးပြုနေသောရေအရင်းအမြစ်များ ပုံမှန်လည်ပတ်အသုံးပြုနိုင်မှုရှိ၊ မရှိနှင့် ဒို့အညာသောက်ရေသန့်စက်ရုံများ၏ ကြံ့ခိုင်မှုရှိ၊ မရှိအခြေအနေများကို မေလ ၁၂ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးများနှင့်ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ လိပ်ကန်ကျေးရွာနှင့် လင့်မြင့်ကျေးရွာတို့၌ အသုံးပြုလျက်ရှိသောရေအရင်းအမြစ်များ ပုံမှန်လည်ပတ်သုံးစွဲမှုရှိ၊ မရှိအခြေအနေများကိုလည်းကောင်း၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးကကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ ကျေးရွာသူကျေးရွာသားများနှင့်တွေ့ဆုံပြီး သောက်ရေပြတ်လပ်မှုများဖြစ်ပေါ်ပါက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီအကြောင်းကြားရန်တို့ကိုလည်းကောင်းမှာကြားသည်။

အဆိုပါကျေးရွာတို့၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဒို့အညာသောက်ရေသန့်စက်ရုံများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့(NAG)တို့ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တစ်ရက်လျှင် သန့်ရှင်းသောသောက်ရေသန့်လီတာ ၂၀၀၀ ထွက်ရှိကြောင်း၊ လက်ရှိအခြေအနေတွင် ကျေးရွာရှိအိမ်ခြေ ၅၇၃ အိမ်မှလူ ဦးရေ ၂၄၃၆ ဦးတို့မှာ သောက်ရေသန့်များကိုရရှိသုံးစွဲနိုင်ကြောင်း၊ နွေရာသီကာလတွင် သောက်ရေပြတ်လပ်မှုမရှိစေရေး ကြိုတင်ဆောင်ရွက်ရမည့်အစီအစဉ်များနှင့် ရေအရင်းအမြစ်များကို ကွင်းဆင်းစစ်ဆေးရခြင်းဖြစ်ကြောင်းသိရသည်။

**ချိုလေး**

မြဝတီ နေ့စဉ်
the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၀၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com

Website - www.myawady.net.mm

နေပြည်တော် မေ ၁၂

# စိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်နှစ် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ



စိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်နှစ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ အဆိုပါတက္ကသိုလ်၏ ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ် ဒေါက်တာနန်းဆိုင်ဟွမ်နှင့် ပါမောက္ခများ၊ ကထိကများ၊ ဆရာ၊ ဆရာမများ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘဆွေမျိုးမိတ်သဂ်ဟများ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

အစီအစဉ်ပထမပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၃၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို တက္ကသိုလ် ရာပြည့်နှစ် ဘွဲ့နှင်းသဘင်အဖြစ် ကျင်းပနိုင်ခြင်းဖြစ်သည့်အတွက် မှတ်တမ်းတင်အပ်ပါကြောင်း၊ ဘွဲ့ရတစ်ဦးဖြစ်မြောက်ရန်အတွက် ငါးနှစ်တာကာလမှာ မောင်မယ်များအတွက်သာမက ပံ့ပိုးပေးသူ မိဘဆွေမျိုးများ၊ စေတနာထားသင်ကြားပေးသူ ဆရာ၊ ဆရာမများနှင့် ကျောင်းတော်ကြီးအတွက်လည်း ဝမ်းသာဂုဏ်ယူရသော နေ့တစ်နေ့လည်းဖြစ်ကြောင်း။

နှစ်စဉ်တက်ရောက်ကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ မိဘအလုပ်အကိုင်ဇာစ်မြစ်များကို လေ့လာကြည့်ရာတွင် ကျောင်းသား၊ ကျောင်းသူ ၅၀ ရာခိုင်နှုန်း၏မိဘများမှာ တောင်သူလုပ်ငန်း လုပ်ဆောင်ကြသည်ကို တွေ့ရှိရကြောင်း၊ နှစ်စဉ် တစ်နိုင်ငံလုံး၏ အခြေခံပညာအထက်တန်း ပြီးမြောက်အောင်မြင်သူ ၁ ရာခိုင်နှုန်းခန့်သာ စိုက်ပျိုးရေး တက္ကသိုလ်ဝင်ခွင့်တက်ရောက်ခွင့်ရရှိနေခြင်းသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် မိမိတို့နိုင်ငံအတွက် စိုက်ပျိုးရေးပညာဘွဲ့ရလူသားအရင်းအမြစ်များ ပိုမိုမွေးထုတ်ပေးနိုင်ရေး အလေးထားကြိုးပမ်းရန်လိုအပ်နေသည်ကို သုံးသပ်ရပါကြောင်း။

မိမိတို့ကျောင်းတော်မှ စိုက်ပျိုးရေးဘာသာရပ်များအပြင် ဆက်စပ်စဉ်းစားတွေးခေါ် တတ်မြောက်မှု(Critical Thinking Skill)၊ ကိုယ်ကာယကျန်းမာကြံ့ခိုင်မှု (Physical Fitness)၊ ပြောင်းလဲလာသောနည်းပညာများကို ဆက်လက်လေ့လာနိုင်ရန် သတင်းအချက်အလက်နှင့် နည်းပညာ တတ်မြောက်မှု(Information & Communication Skill)တို့ကိုပါ လေ့ကျင့်သင်ကြားပေးလိုက်ခြင်းဖြစ်ကြောင်း၊ သင်ကြားမှုပုံစံကိုလည်း သင်ကြားပေးသူနှင့်သင်ယူသူ အချိုးအစားမျှတစေပြီး အားနည်းသည့်ဘာသာကို ပြန်လည်လေ့လာဖြေဆိုရသောသင်ကြားမှုစနစ်ကိုကျင့်သုံးသည့် ပထမဦးဆုံးသောဘွဲ့ရမောင်မယ်များဖြစ်ကြောင်း၊ ဘွဲ့ရမောင်မယ်များအနေဖြင့် မိမိတို့တတ်ကျွမ်းသောပညာများကို တိုးတက်လာသော စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ၊ ပြောင်းလဲလာသော ရာသီဥတုအခြေအနေများနှင့်ဆက်စပ်ပြီး စဉ်ဆက်မပြတ်ဆက်လက်လေ့လာသွားကြရန် လိုအပ်သကဲ့သို့ သမာသမတ်ကျသည့် အတွေးအခေါ် အယူအဆများရှိကြရန်နှင့် နိုင်ငံတော်အကျိုး၊ မိမိအကျိုး မျှမျှတတစဉ်းစားလုပ်ဆောင်နိုင်ရေး ကြိုးပမ်းကြရန်တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပထမနှစ်မှ နောက်ဆုံးနှစ်ထိ တန်းစဉ်ပေါင်းအမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ဂုဏ်ပြုဆုချီးမြှင့်သည်။

အစီအစဉ်ဒုတိယပိုင်းတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာနန်းဆိုင်ဟွမ်က ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး ပါရဂူဘွဲ့၊ စိုက်ပျိုးရေးမဟာသိပ္ပံဘွဲ့၊ စိုက်ပျိုးရေးမဟာဒဿနဘွဲ့၊ စိုက်ပျိုးရေးဘွဲ့လွန်ဒီပလိုမာဘွဲ့များကို အပ်နှင်းသည်။

ယနေ့ကျင်းပသည့် စိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်နှစ် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် စိုက်ပျိုးရေးသိပ္ပံဘွဲ့ ၂၁၂ ဦး၊ ပါရဂူဘွဲ့ ငါးဦး၊ မဟာသိပ္ပံဘွဲ့ ၂၇ ဦး၊ စိုက်ပျိုးရေးမဟာဒဿနဘွဲ့နှစ်ဦး၊ စိုက်ပျိုးရေးဘွဲ့လွန်ဒီပလိုမာလေးဦး စုစုပေါင်း ၂၂၄ ဦးကို ဆိုင်ရာဘွဲ့များအပ်နှင်းခဲ့ခြင်းဖြစ်ကြောင်း၊ သက်တမ်း နှစ်တစ်ရာပြည့်အထိ စိုက်ပျိုးရေးတက္ကသိုလ်မှ စိုက်ပျိုးရေးသိပ္ပံဘွဲ့ ၁၃၁၉၇ ဦး၊ ပါရဂူဘွဲ့ ၇၉ ဦး၊ စိုက်ပျိုးရေးသုတေသနအခြေပြုပါရဂူဘွဲ့ခြောက်ဦး၊ မဟာသိပ္ပံဘွဲ့ ၆၇၁ ဦး၊ မဟာဒဿနဘွဲ့ ၁၁ ဦး၊ စိုက်ပျိုးရေးဘွဲ့လွန်ဒီပလိုမာ ၄၃ ဦး၊ စပါးအထူးပြုစိုက်ပျိုးရေး ဘွဲ့လွန်ဒီပလိုမာ ၂၄ ဦး၊ စိုက်ပျိုးရေးစီးပွားပညာဒီပလိုမာ (Israel + YAU) ၅၆၅ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၁၂

# တာချီလိတ်မြို့ မီးလင်းရေးဦးဆောင်ကော်မတီရုံးနှင့် ၁၁၅ ကေဗွီ၊ ၄၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတို့ကို ဒုတိယဝန်ကြီး ဦးအေးကျော် ကြည့်ရှုစစ်ဆေး



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ မေလ ၁၀ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်းရှိ တာချီလိတ်မြို့ မီးလင်းရေးဦးဆောင်ကော်မတီရုံးသို့ သွားရောက်၍ မြို့မီးလင်းရေးကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံရာ တာဝန်ရှိသူများက တာချီလိတ်မြို့ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက မီးလင်းရေးနှင့်ပတ်သက်၍ ပြည်သူများသို့ ဝန်ဆောင်မှုပေးနေမှုလုပ်ငန်းစဉ်အဆင့်ဆင့်၊ ငွေကောက်ကောင်တာနှင့် ရုံးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တာချီလိတ်ခရိုင်အတွင်းရှိ ၁၁၅/၆၆/၂၂ ကေဗွီ၊ ၄၀ အမ်ဗွီအေဓာတ်အားခွဲရုံသို့ရောက်ရှိရာ တာဝန်ရှိသူများက ဓာတ်အားထိန်းချုပ်ခန်းအတွင်းမှ တာချီလိတ်ခရိုင်အတွင်းရှိ မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံအခြေအနေတို့ကို လိုက်လံရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အလေးထားဆောင်ရွက်ရန်၊ နောင်တိုးတက်သုံးစွဲလာမည့်ဝန်အားများအတွက် ကြိုတင်စီမံဆောင်ရွက်ထားရန်နှင့် လိုအပ်သည်များမှာကြားကာ ဆွိယာဒ်(Switch Yard) အတွင်း ဓာတ်အားလွှတ်ပစ္စည်းများနှင့် ဓာတ်အားလိုင်းအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၁၂

# ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တို့ ပူးပေါင်းစီစဉ်၍ ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မင်းထက်မင်းဆိပ်ကမ်း (MHM)မှ ပြောင်းဖူးစေ့တန်ချိန် ၅၄၀၀၊ ရွှေမဲဆိပ်ကမ်း (SMJ)မှ ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀၊ Wilmar (Wilmar International Port Terminal) ဆိပ်ကမ်းမှ ဆန်တန်ချိန် ၄၈၅၀ တင်ပို့ခဲ့သည်။

ထို့ပြင် မေလ ၁၅ ရက်တွင် ဆူးလေဆိပ်ကမ်း(SPW)မှ ပြောင်းဖူးစေ့တန်ချိန် ၇၁၉၀၀ နှင့် ဆန်တန်ချိန် ၆၀၀၀၊ မြန်မာ့စက်မှုဆိပ်ကမ်း (MIP)မှ ပြောင်းဖူးစေ့တန်ချိန် ၅၃၅၀၀၊ အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (AIPT)မှ ပြောင်းဖူးစေ့တန်ချိန် ၅၈၄၀၀၊ ဆန်တန်ချိန် ၁၂၅၀၀၊ ယခင်ဗိုလ်အောင်ကျော်ဆိပ်ကမ်း (The Myanmar Terminal- TMT)မှ ပြောင်းဖူးစေ့တန်ချိန် ၂၉၅၀၀၊ မင်းထက်မင်းဆိပ်ကမ်း(MHM)မှ ပြောင်းဖူးစေ့တန်ချိန် ၅၄၀၀၊ Yangon International Gateway Terminal (YIGT)မှ ပြောင်းဖူးစေ့တန်ချိန် ၁၁၀၀၀၊ Myanmar Five Star Line (MFSL) ဆိပ်ကမ်းမှ ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အောင်ရဲ့အောင်

ခင်ဆွေဦး

**ယမန်နေ့မှအဆက်**

"သေခြင်းတရားကို လူတွေနိုင်ဖို့ဆိုတာ မလွယ်ပါဘူး"

ဒီတစ်ခါ ကိုအောင်သည် ဟန်လုပ်ပြုံးတာလား၊ တကယ်ပဲပြုံးချင်လို့လားမသိ။

မြုံစိစိနှင့် ပြုံးပြီး အောင့်ခေါင်းကို တစ်ချက်လှမ်းပုတ်ရင်း. . .

"နင်က ရင့်လှချည်လား"

"ကျွန်တော် ကိုလတ်ကို သိပ်စိတ်ပူတာပဲ၊ ကိုလတ်သေရင် ကျွန်တော်ရှုံးမှာ၊ တကယ်ပြောတာ"

"ကိုလတ်လည်း မသေပါဘူး၊ နင်လည်း မရှုံးပါဘူးဟာ၊ တောင်တွေးမြောက်တွေး လျှောက်တွေးပြီး ပူမနေပါနဲ့"

"ကျွန်တော် ကိုလတ်ကို နှမြောတယ်"

နံနက်ခင်းပင်ဖြစ်သော်လည်း နေအလင်းသည် စူးလွန်းသည်။

လေသည် ပရမ်းပတာနှင့်ဝှေ့လျက် တိုက်ခတ်လာလေသည်။

စိန်ပန်းပင်ပေါ်မှ ကြွေကျလာသော ပန်းဝတ်လွှာနီနီတို့သည် ဖိနပ်အောက်တွင် ကြေမွကာ ပြားဝပ်ကုန်ကြသည်။

ဤကမ္ဘာလောကနေရာအနှံ့တွင် လူတွေ တစ်နေ့တစ်နေ့ သေဆုံးကြတာ ဒီပန်းတွေ ကြွေသလောက်များသလားဟု အောင်ကတွေးလာသည်။

ရင်ထဲ၌ အလိုလိုမောလာလေသည်။

ဆိုင်ထဲသို့ ဝင်လာကြတော့ ခြေထောက်တွေ ဘယ်လိုလှမ်းလာမိသည်မသိ။

အောင်သည် သညာကင်းမဲ့သူပမာ တစ်ခါတစ်ခါ သတိက လစ်နေသည်။

မျက်စိတွေက ကြည့်လျက်နှင့်မမြင်။ နားတွေက ထောင်နေလျက်က မကြား။

ကိုအောင်က လက်ဖက်ရည်မှာသောက်သည်။ အောင့်အတွက် နွားနို့မှာပေးသည်။

ကိုအောင်သည် ပေါင်မုန့်ကြော်တစ်ချပ်ကို အောင့်ရှေ့အတင်းထိုးပေးကာ ချော့ကျွေးလိုက်သည်။ သူကလည်း တစ်ခုယူစားသည်။

လက်ဖက်ရည်ဆိုင်ရေဒီယိုမှ သီချင်းသံလာနေပေပြီ။ ၁၀ နာရီတောင်ထိုးနေပြီပဲ။

သီချင်းက "ချိုပလီ"သီချင်း. . .။

မနေ့ကတွေ့တဲ့လူနဲ့ ဒီနေ့တွေ့တဲ့လူ မတူပါဘူးကွယ်၊ တိမ်မင်ခိုးကို ဘယ်သူတွေအရောင်ဆိုးကာ ထားတယ်၊

သီချင်းက တစ်ပတ်ထပ်ကျော့ပြန်သည်။ မနေ့ကတွေ့တဲ့လူနဲ့ ဒီနေ့တွေ့တဲ့လူ မတူပါဘူးကွယ်တဲ့။

အောင်သည် မျက်နှာတစ်ချက်ပျက်သွားသည်။

ကိုအောင်၏မျက်နှာသည်လည်း ရုတ်ခြည်းညှိုးကျသွားလေသည်။

"ကိုဟန်ညွန့် ရေဒီယိုခလုတ်ကို ပိတ်လိုက်စမ်းပါဗျာ"

"ခင်ဗျာ"

**"နံနက်ခင်းပင်ဖြစ်သော်လည်း နေအလင်းသည် စူးလွန်းသည်။**

**လေသည် ပရမ်းပတာနှင့်ဝှေ့လျက် တိုက်ခတ်လာလေသည်။**

**စိန်ပန်းပင်ပေါ်မှ ကြွေကျလာသော ပန်းဝတ်လွှာနီနီတို့သည် ဖိနပ်အောက်တွင် ကြေမွကာ ပြားဝပ်ကုန်ကြသည်။**

**ဤကမ္ဘာလောကနေရာအနှံ့တွင် လူတွေ တစ်နေ့တစ်နေ့ သေဆုံးကြတာ ဒီပန်းတွေ ကြွေသလောက်များသလားဟု အောင်ကတွေးလာသည်. . ."**

လက်ဖက်ရည်ဆိုင်မှလူကြီးက ကိုအောင့်မျက်နှာကို နားမလည်သလိုငေးစိုက်ကာ ကြောင်ကြည့်နေသည်။

ပန်းကန်ဆေးနေသော ယောကျ်ားလေးတစ်ယောက်က ဒီသီချင်းကို လိုက်ဆိုနေသည်။

ဆိုင်မှာ လူတွေရှင်းချိန်မို့ သီချင်းက ပို၍ကျယ်လောင်နေသည်။

ကိုအောင်က ပေါင်မုန့်စားလက်စတစ်ဝက်ကို ပန်းကန်ထဲပြန်ပစ်ချလိုက်ပြီး. . .

"ဩော်. . . ဒီသီချင်းကို ပိတ်လိုက်ပါလို့"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

ကိုဟန်ညွန့်ဆိုသူက ကိုအောင့်စကားကိုတော့ တလေးတစားရှိပုံရသည်။

ကပျာကယာ ရေဒီယိုနားသွား၍ သီချင်းသံကို ခလုတ်လှည့်ကာပိတ်လိုက်လေသည်။

ကိုအောင်သည် အားနာပါးနာမျက်နှာထားနှင့် လက်သုတ်ပဝါယူသုတ်ကာ. . .

"ကိုလတ် ဆေးရုံတက်နေရတယ် ကိုဟန်ညွန့်ရ"

"ဟာ. . . ဘာဖြစ်လို့ပါလိမ့်ဗျာ"

"အစာအိမ်ပေါက်တာ"

"ဖြစ်မှဖြစ်ရလေဗျာ၊ ခု ဘယ့်နှယ်နေသေးလဲ"

"ဒီမနက်ပဲ ခွဲစိတ်ရတော့မယ်ဗျ၊ ရုတ်တရက် သွေးတွေပါးစပ်ကအန်၊ ဝမ်းတွေလည်းသွားပြီးဖြစ်လာတာ၊ သွေးတွေ သွင်းထားပြီးပြီ၊ အခြေအနေကောင်းလာလိမ့်မယ်ထင်ပါရဲ့ဗျာ"

စကားပြောရင်း ညှိုးကျလာသော ကိုအောင့်မျက်နှာ၏ အရိပ်အကဲကို အောင်က အသေအချာထိုင်ဖမ်းနေသည်။

ရင်ထဲ၌ မောသွားသည်။

အသက်ရှူရတာကို ပင်ပန်းသည်ဟု ထင်လာမိသည်။

ကိုအောင့်လိုပင် ပေါင်မုန့်ကို ဆက်စားလို့မရ။

နွားနို့လည်း ကုန်အောင်မသောက်နိုင်တော့။

ကိုအောင်ကတော့ လက်ဖက်ရည်ကို ကပျာကယာ တွန်းမော့ချလိုက်ပြီး ပိုက်ဆံရှင်းကာ ဆိုင်ထဲမှ ကပျာကယာထွက်ခဲ့လေသည်။

ကိုအောင့်ခြေလှမ်းတွေက ခပ်သုတ်သုတ်။

လွယ်အိတ်က သူ့ခြေလှမ်းတိုင်း လှုပ်ယိမ်းနေသည်။

အောင်သည် ကိုအောင့်ခြေလှမ်းကျဲကျဲကို ပြေး၍လိုက်ရလေသည်။

**အခန်း (၅၆)**

စိန်ပန်းပင်တွေ၊ ပျဉ်းမပင်တွေနှင့် ငှက်ဝါတို့သည် စိမ်းစိမ်းလတ်လတ်နှင့် ဝေဆာနေသည်။

ငုဝါတို့ တုံးစပြုသော်လည်း အရွက်တွေမှာ ထူထပ်သိပ်သည်းလာသည်။

ပျဉ်းမအကြွင်းအကျန်များ ပွင့်နေဆဲ။

စိန်ပန်းပင်တွေ ရဲရဲနီမြန်းသောအသွေးနှင့် အပွင့်များ ထပ်နေသည်။

ကောင်းကင်၏ အပြာမှိန်မှိန်နောက်ခံသည် နီရဲသောအဆင်းနှင့် စိန်ပန်းပင်ကို ဆေးပန်းချီရေးခြယ်စပြုလေပြီတကား။

**ဆက်လက်ဖော်ပြပါမည်။**

ရန်ကုန်၊ ယာဉ်အန္တရာယ်

## ရန်ကုန် - မန္တလေးအမြန်လမ်းမကြီး၌ ဧပြီလအတွင်း ယာဉ်မတော်တဆမှု ၁၅ မှုဖြစ်ပွား

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ဧပြီလအတွင်း ယာဉ်မတော်တဆမှု ၁၅ မှုဖြစ်ပွားကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

ယခုနှစ် ဧပြီလအတွင်း အမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှု ၁၅ မှုဖြစ်ပွားပြီး ထိခိုက်ဒဏ်ရာရရှိသူ အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၃၄ ဦးနှင့် သေဆုံးသူ အမျိုးသားလေးဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်း ခုနစ်ဦးရှိကြောင်း သိရသည်။

အဆိုပါ ယာဉ်မတော်တဆမှုများတွင် လူကြောင့်ဖြစ်ပွားသည့် အရှိန်ပြင်းမှုသုံးမှု၊ အိပ်ငိုက်မှုနှစ်မှု၊ မဆင်မခြင်မောင်းနှင်မှုသုံးမှု၊ ဆိုင်ကယ်ပေါ့ဆမှုငါးမှု စုစုပေါင်း ၁၃ မှုနှင့် ယာဉ်ကြောင့် ဘီးပေါက်မှုနှစ်မှု ဖြစ်ပွားခဲ့ရာ ဧပြီလအတွင်း ယာဉ်မတော်တဆမှု ၁၅ မှုဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၃၅၂၄၀၀၀၀ ရှိကြောင်း သိရသည်။

ရန်ကုန် - မန္တလေးအမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် လူကြောင့်၊ ယာဉ်ကြောင့်၊ လမ်းကြောင့်နှင့် ရာသီဥတုကြောင့်ဖြစ်ပွားလျက်ရှိရာ လူကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားရာတွင် အရှိန်ပြင်း၊ မူးယစ်၊ အိပ်ငိုက်၊ လမ်းကူးသူပေါ့ဆ၊ တိရစ္ဆာန်ကြောင့်၊ ဆိုင်ကယ်ပေါ့ဆမှု၊ အနေးယာဉ်ပေါ့ဆမှု၊ ယာဉ်မောင်းမကျွမ်းကျင်မှု၊ မဆင်မခြင်မောင်းနှင်မှုတို့ကြောင့်ဖြစ်ပွားကြောင်း၊ ယာဉ်ကြောင့်ဖြစ်ပွားရာတွင် ဘီးပေါက်ခြင်း၊ စက်ချွတ်ယွင်းခြင်းတို့ကြောင့်ဖြစ်ပွားကြောင်း၊ လမ်းကြောင့်ဖြစ်ပွားရာတွင် တံတားနှင့် လမ်းချော်ခြင်းတို့ကြောင့်ဖြစ်ပွားပြီး ရာသီဥတုကြောင့်လည်း ယာဉ်မတော်တဆမှုဖြစ်ပွားလေ့ရှိရာ လူကြောင့်ဖြစ်ပွားသည့် ယာဉ်မတော်တဆမှုသည် အများဆုံးဖြစ်ကြောင်း သိရသည်။

**စောယု**

ပွင့်ဖြူ၊ စိုက်ပျိုးရေး

## ပွင့်ဖြူမြို့နယ်၌ နှမ်းစပါးအပါအဝင် နှမ်းသီးနှံစုံ ၇၃၄၆၆ ဧက စိုက်ပျိုးပြီးစီး

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် စပါးအပါအဝင် နွေသီးနှံစုံ ၇၃၄၆၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေ၏ပြောဆိုချက်အရ သိရသည်။



ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် စပါး ၃၁၂၈၇ ဧက၊ နှမ်း ၃၇၃၄၈ ဧက စိုက်ပျိုးရန်လျာထားပြီး နွေစပါးကို ဖေဖော်ဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ၂၃၆၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ နွေနှမ်းကို မတ်လဆန်းပိုင်းက စတင်စိုက်ပျိုးခဲ့ရာ ၄၇၄၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ မိုးကြိုပဲတီစိမ်းကို ဖေဖော်ဝါရီလကုန်ပိုင်းမှ စတင်စိုက်ပျိုးခဲ့ရာ ၂၃၄၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သောကြောင့် စုစုပေါင်း နွေသီးနှံစုံ ၇၃၄၆၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးနှင့်သက်ဆိုင်သည့် ဆက်စပ်ဌာနများက တောင်သူများ သီးနှံအထွက်နှုန်း တိုးတက်မြင့်မားစေရေးအတွက် စိုက်နည်းစနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများ ကိုယ်တိုင်ပြုလုပ်သုံးစွဲနည်းစနစ်များကို ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေဖြင့် မြောက်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာတွင် နွေစပါး ၃၁၂၈၇ ဧက၊ တောင်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာတွင် နွေနှမ်း ၃၇၃၄၈ ဧက လျာထားစိုက်ပျိုးလျက်ရှိရာ ယနေ့အထိ နွေစပါး ၂၃၆၆၈ ဧက၊ နွေနှမ်း ၄၇၄၅၂ ဧက၊ မိုးကြိုပဲတီစိမ်း ၂၃၄၆ ဧက စုစုပေါင်း နွေသီးနှံစုံ ၇၃၄၆၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံမြို့ရှိ မြို့မိ၊ မြို့ဖများအား ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံမြို့ရှိ မြို့မိ၊ မြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**☐ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ပစ္စည်းများ ရရှိအောင်ဆောင်ရွက်၍ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့နိုင်မည်ဆိုပါက ဒေသဝင်ငွေတိုးပွားလာပြီး လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်၊ ဒေသတွင်း အောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးသီးနှံများကို ခေတ်မီနည်းစနစ်များအသုံးပြု စိုက်ပျိုး၍ ဈေးကွက်ဝင်ထုတ်ကုန်များထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်. . .**

▶▶| ကျောဖုံးမှအဆက်

ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တင်ပြဆွေးနွေး

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ရှမ်းပြည်နယ်ဆိုင်ရာ အချက်အလက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဒေသတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ဘဏ္ဍာရေးနှစ်အလိုက် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှုနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ပို့ကုန်များတင်ပို့နိုင်မှု၊ ဒေသတွင်း ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးတို့ အပါအဝင် ကဏ္ဍအသီးသီး၌ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့မိ၊ မြို့ဖများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျိုင်းတုံဒေသသို့ လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်း

စာမျက်နှာ ၆ သို့ ▶▶|



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကျိုင်းတုံမြို့ရှိ မြို့မိ၊ မြို့ဖများက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ တင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြို့မိ၊ မြို့ဖများအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များကို တစ်ဦးချင်းပေးအပ်စဉ်။

▶▶| စာမျက်နှာ ၅ မှအဆက်

ပြေးဆွဲပေးစေလိုမှု၊ ကျိုင်းတုံဒေသတွင် အစိုးရနည်းပညာအထက်တန်းကျောင်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလိုအပ်ချက်များကို အသီးသီးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က ရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ လေကြောင်းလိုင်းများပြေးဆွဲလျက်ရှိမှုနှင့်လိုအပ်ချက်အပေါ် မူတည်၍ ထပ်မံတိုးချဲ့ပြေးဆွဲနိုင်ရေး ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှုနှင့် ပတ်သက်၍ စိစစ်တွက်ချက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

☐ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုပညာကျွမ်းကျင်သည့် လူသားအရင်းအမြစ်များရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှုအထက်တန်းကျောင်းများကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိ . . .

☐ ထိုမှတစ်ဆင့် အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူသွားနိုင်ရေး သိပ္ပံများ၊ ကောလိပ်များနှင့်တက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်သွားမည် . . .

☐ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အင်တိုက်အားတိုက်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း မိမိတို့ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးကို တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက် . . .

## တရားဥပဒေစိုးမိုးရေးနှင့် တရားမဝင်လုပ်ငန်းများ ဆောင်ရွက်မှုမရှိစေရေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသသည် ယခင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ နာမည်ထွက်ပေါ်ခဲ့ကြောင်း၊ မိမိတို့ဒေသအတွင်း မူးယစ်ဆေးဝါးအပါအဝင် တရားမဝင်လုပ်ငန်းများ ဆောင်ရွက်မှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ နှစ်ပေါင်းများစွာတိုက်ဖျက်တားဆီးခဲ့ကြပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ တရားဥပဒေစိုးမိုးမှုအားနည်းခြင်းနှင့် နယ်မြေဒေသ မတည်မငြိမ်မှုများကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုများနှင့်ရောင်းဝယ်မှုများသည် အမြစ်ပြတ်ပပျောက်မှုမရှိခဲ့ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ ရောင်းဝယ်မှုများမရှိစေရေး တားဆီးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အလားတူ အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကိုလည်း မိမိတို့အနေဖြင့် ထိထိရောက်ရောက်တိုက်ဖျက်ဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသခံများအနေဖြင့်လည်း ဝိုင်းဝန်းတိုက်ဖျက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

## စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ဒေသထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး

စီးပွားရေးနှင့်ပတ်သက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အနေဖြင့် ထုတ်ကုန်ပစ္စည်းများရရှိစေရေး မိမိအနေဖြင့် တွန်းအားပေးဆောင်ရွက်ခဲ့ကြောင်း၊ ဒေသတွင်းစိုက်ပျိုးမွေးမြူရေးထုတ်ကုန်ပစ္စည်းများရရှိအောင် ဆောင်ရွက်၍ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့နိုင်မည်ဆိုပါက ဒေသဝင်ငွေတိုးပွားလာပြီး လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်း အောင်မြင်ဖြစ်ထွန်းသည့်စိုက်ပျိုးသီးနှံများကို ခေတ်မီနည်းစနစ်များအသုံးပြု စိုက်ပျိုး၍ ဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် အောင်ရေနှင့်သွင်းအားစုများ ပြည့်မီစွာရရှိရေးအတွက်လည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်မည့် အခြေအနေများကို ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်း၌စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ရန်လိုပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

## လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေး

ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် မိရိုးဖလာဖြင့်ဆောင်ရွက်ခြင်းထက် ခေတ်နှင့်လျော်ညီသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်သဖြင့် ပညာရေး အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ကျိုင်းတုံဒေသတွင် အဆင့်မြင့်ပညာများသင်ကြားနိုင်ရေး နိုင်ငံတော်မှ ဆောင်ရွက်ပေးထားပြီးဖြစ်သဖြင့် အကျိုးရှိရှိ အသုံးချနိုင်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် ပညာရေးနှင့်ပတ်သက်၍ အားနည်းသည့်ဒေသတစ်ခုဖြစ်ပြီး ယခင်ကတည်းကပင် အားပေးဆောင်ရွက်နေရသည့်ဒေသတစ်ခုဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း ပညာရေးကို အလေးထားသင်ယူကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိဘများမှလည်း ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုပညာကျွမ်းကျင်သည့် လူသားအရင်းအမြစ်များရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှုအထက်တန်းကျောင်းများကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုမှတစ်ဆင့် အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူသွားနိုင်ရေး သိပ္ပံများ၊ ကောလိပ်များနှင့်တက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ကျန်းမာရေး၊ အိုင်တီ၊ အင်ဂျင်နီယာပညာရှင်များမွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ ကျောင်းမှသင်ကြားပေးသည့်ပညာရပ်များသာမက အခြားအသိပညာဗဟုသုတများ ရရှိစေရေးအတွက်လည်း စာကောင်းပေမွန်များ ဖတ်မှတ်လေ့လာကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက်လည်း နိုင်ငံတော်အနေဖြင့် စာဖတ်ရှုမှုမြှင့်တင်ရေးလုပ်ငန်းများနှင့်စာကြည့်တိုက်များတိုးချဲ့ပေးနိုင်ရေး၊ စာအုပ်စာစောင်များရရှိရေး၊ စာကြည့်တိုက်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

## ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသ၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှလိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျိုင်းတုံလေဆိပ်နှင့် တာချီလိတ်လေဆိပ်တို့ကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အိမ်နီးနားချင်းနိုင်ငံများမှလေကြောင်းခရီးစဉ်ဖြင့် ပြည်ပခရီးသွားများ ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ကျိုင်းတုံဒေသသည် ခရီးသွားလုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် ရေမြေတောတောင်သဘာဝနှင့် ရှေးဟောင်းအမွေအနှစ်များစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ဒေသသို့ ပြည်တွင်း၊ ပြည်ပမှခရီးသွားများလာရောက်ခြင်းဖြင့် ဒေသတွင်း ငွေကြေးလည်ပတ်မှုကို ပိုမိုဖြစ်ပေါ်စေမည်ဖြစ်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ဒေသသာယာလှပရေး၊ တည်းခိုရန်နေရာများ၊ စားသောက်ဖွယ်ရာများ၊ ဒေသထွက်အစားအသောက်များကို အဆင့်မီစွာဖြင့်ဝန်ဆောင်မှုပေးနိုင်ရေး ဒေသတွင်နေထိုင်ကြသည့် ဒေသခံများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

## တည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးတိုးတက်မည်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုး တိုးတက်စေရေးအတွက် အင်တိုက်အားတိုက်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း မိမိတို့ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးကို တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိရန်မဖြစ်မနေလိုအပ်မည်ဖြစ်သဖြင့် ဒေသခံများအနေဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဒေသတွင်ရှိသည့်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိ၊ မြို့ဖများ၊ ဒေသခံများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက ဒေသအလိုက် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည့်အတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့ရှိ မြို့မိ၊ မြို့ဖများအား တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ ရွှေတြိဂံဧည့်ရိပ်သာ၌ ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် မြို့မိ၊ မြို့ဖများအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များနှင့် စားသောက်ဖွယ်ရာများကို တစ်ဦးချင်းပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

စစ်ကိုင်း၊ စိုက်ပျိုးရေး

# စစ်ကိုင်းမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ရန်နိုင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မေလ ၁၁ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်းဝင်းအတွင်း ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ သစ်ပင်များစိုက်ပျိုးကြသည်။

သစ်ပင်များစိုက်ပျိုးရာတွင် သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့ပူးပေါင်း၍ ရင်းမာ ၁၅ ပင်၊ မဲဇလီ ၂၀ ပင်၊ စိန်ပန်း ၁၅ ပင်၊ တမာ ၁၀ ပင်၊ ခရေ ၁၀ ပင်၊ ပိတောက် ၁၀ ပင်၊ စွယ်တော် ၁၀ ပင်၊ ကုက္ကို ၁၀ ပင် စုစုပေါင်းအပင် ၁၀၀ တို့အား စိုက်ပျိုးကြပြီး ကျောင်းဝင်းအတွင်း သန့်ရှင်းရေးများ ဆောင်ရွက်ပေးကြသည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆင့်နှင့်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို စီမံဆောင်ရွက်ပေးကြောင်းသိရသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား စစ်ကိုင်းမြို့နယ် တန်ဖိုးသင့်စားသောက်ကုန်များအရောင်းဆိုင်မှ ဆီနှင့်ကြက်ဥများကို ဈေးနှုန်းသက်သာစွာရောင်းချပေးကြောင်း သိရသည်။

**ဇော်မြင့်နိုင်**

ပင်းတယ၊ စိုက်ပျိုးရေး

# တောင်ယာစိုက်ခင်းများ၌ မိုးစပါး၊ ပြောင်းဖူးနှင့် မိုးရာသီသီးနှံများစိုက်ပျိုးရန်ကြိုတင်ပြင်ဆင်



ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စု ၂၇ အုပ်စု၊ ကျေးရွာပေါင်း ၁၃၅ ရွာ၏ တောင်ယာစိုက်ခင်းများ၌ မိုးစပါး၊ ပြောင်းဖူးနှင့် မိုးရာသီသီးနှံများ၊ ဟင်းသီးဟင်းရွက်များ အချိန်မီစိုက်ပျိုးနိုင်ရန် မေလပထမပတ်မှစတင်၍ ဒေသနေတောင်သူများ ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ရှေးဦးစွာ တောင်သူများသည် တောင်ယာစိုက်ခင်းမြေသားများအား ပေါက်တူး/ပေါက်ပြားများဖြင့် တူးဆွခြင်း၊ အချို့တောင်သူများက လယ်ထွန်စက်ဖြင့် ထွန်ယက်ခြင်း၊ မြေဩဇာကောင်းမွန်မှုရှိရန် နွားချေးခြောက်များနှင့် သဘာဝမြေဩဇာများ ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ထို့ပြင် မိုးစပါးများကြဲနိုင်ရန်ကြိုတင်ပြင်ဆင်ခြင်း၊ ပြောင်းမျိုးစေ့၊ မြေပဲမျိုးစေ့၊ နေကြာမျိုးစေ့များ လိုက်လံထည့်ဝင်စိုက်ပျိုးခြင်းနှင့် မိုးရာသီသီးနှံ(မုန်လာ၊ ပန်းမုန်လာ၊ ခရမ်းချဉ်) မျိုးပင်များ စတင်စိုက်ပျိုးခြင်း၊ ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် မိုးရာသီစိုက်ပန်းခင်းနေရာများ စိုက်ပျိုးနိုင်ရန် နေရာသတ်မှတ်ပြင်ဆင်ခြင်းအစရှိသော မိုးရာသီစိုက်ပျိုးရေးလုပ်ငန်းများကို မိုးရာသီမတိုင်မီ ကြိုတင်ပြင်ဆင်ကြသည်။

ဓနုဒေသ ပင်းတယမြို့နယ်၌ မှီတင်းနေထိုင်ကြသော ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်း အစရှိသောဒေသနေတိုင်းရင်းသား မိဘပြည်သူများ၏ မိသားစုစားဝတ်နေရေး အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး စီးပွားရေးလုပ်ငန်းအဖြစ် ၇၀ ရာခိုင်နှုန်းရှိကြောင်းနှင့် ပင်းတယမြို့နယ်ရှိ အခြားစီးပွားရေးလုပ်ငန်းများထက် ပိုမိုအောင်မြင်ဖြစ်ထွန်းလာစေရန် အထူးကြိုးစား လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၀၅)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၅-၂၀၂၄(တနင်္လာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၆း၀၂ | နိုင်ငံတော်သီချင်း | ၁၁။ | ၈း၄၅ | ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ |
| ၂။ | ၆း၀၃ | တရားတော် | ၁၂။ | ၁၀း၁၅ | စာဆိုစစ်သည် ကလောင်ရှင်များ |
| ၃။ | ၇း၁၆ | မေတ္တာပို့ | ၁၃။ | ၁၈း၅၅ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၄။ | ၇း၂၀ | ဓမ္မပူဇာတေး | ၁၄။ | ၁၉း၀၀ | **(၃၈)ဖြာမင်္ဂလာ - သုဘာသိတာစ ယာဝါစာ** |
| ၅။ | ၇း၃၅ | မျိုးချစ်တပ်မတော် | ၁၅။ | **ညစာနာရီ သတင်း အပြီး** | နိုင်ငံတကာသတင်း |
| ၆။ | ၇း၄၅ | မြန်မာ့ရှုခင်း | ၁၆။ | | မိုးလေဝသသတင်း |
| ၇။ | ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | ၁၇။ | | Liked |
| ၈။ | ၈း၀၅ | အမျိုးသားရေးတေးကဗျာ | | | |
| ၉။ | ၈း၂၀ | ရှေးဟောင်းသုတ | | | |
| ၁၀။ | ၈း၂၅ | သီချင်းလက်ဆောင် | | | |

## ♫♫ သင်္ဂဇင်(FM) အသံလွှင့်အစီအစဉ် ♫♫

၁၃-၅-၂၀၂၄(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့ |
| ၂။ | ၁၀း၄၆ | Master Chef |
| ၃။ | ၁၃း၃၀ | Live For You |
| ၄။ | ၁၅း၀၀ | Fighting Music |
| ၅။ | ၁၇း၀၀ | သွေးချင်းတို့ဌာနေ |
| ၆။ | ၁၉း၃၀ | International Song |
| ၇။ | ၂၁း၄၀ | အသံလွှင့်ဇာတ်လမ်း |
| ၈။ | ၂၂း၂၀ | Good Night Listeners |

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# နွေရာသီနှင့် လေ့ကျင့်ခန်းပြုလုပ်ခြင်း

ရာသီဥတုပူပြင်းတာကြောင့် နေ့စဉ်ပုံမှန်လှုပ်ရှားမှုတွေမှာတောင် ချွေးပြန်ပြီး မောပန်းမှုကိုခံစားရနိုင်ပါတယ်။ အခုလိုပူပြင်းတဲ့နွေရာသီမှာ အားကစားပြုလုပ်မယ်ဆိုရင် အားအင်တွေပိုမိုကုန်ခန်းပြီး မောပန်းနွမ်းနယ်မှုတွေ ပိုမိုခံစားရနိုင်ပါတယ်။

လေ့ကျင့်ခန်းပြုလုပ်မယ့်နေရာကို ထည့်စဉ်းစားဖို့ လိုအပ်ပါတယ်။ အပြင်ထွက်ပြီး လေ့ကျင့်ရတာမျိုးတွေဖြစ်တဲ့ ဘတ်စကက်ဘောကစားတာ၊ လမ်းလျှောက်တာ၊ အပြေးလေ့ကျင့်တာ၊ တောင်တက်တာတွေ ပြုလုပ်မယ်ဆိုရင် ရာသီဥတုအခြေအနေကို သိရှိထားဖို့လိုအပ်ပါတယ်။

လေ့ကျင့်ခန်းပြုလုပ်တဲ့အခါ တစ်နေ့တာအတွက် အအေးဆုံးအချိန်ကို ရွေးချယ်သင့်ပါတယ်။ လူအများစုကတော့ တစ်နေ့တာလုံးမှာ အေးမြတဲ့အချိန်က ညနေပိုင်းလို့ထင်ကြတယ်။ တကယ်တမ်းက နံနက်နေမထွက်ခင်အချိန်ပဲဖြစ်ပါတယ်။ ဒါကြောင့် လေ့ကျင့်ခန်းပြုလုပ်မယ့်အချိန်ဇယားက နံနက်ပိုင်းပဲ ဖြစ်သင့်ပါတယ်။ တကယ်လို့ ညနေပိုင်းမှာ လေ့ကျင့်ခန်းပြုလုပ်မယ်ဆိုရင် ညနေ ၅ နာရီကျော်မှသာ စတင်သင့်ပါတယ်။

အရိပ်ရပြီး လေဝင်လေထွက်ကောင်းတဲ့နေရာမှာ လေ့ကျင့်ခန်းပြုလုပ်သင့်ပါတယ်။ နေထိုးပြီး လှောင်ပိတ်တဲ့အခန်းမျိုးမှာ လေ့ကျင့်ခန်းမလုပ်သင့်ပါဘူး။ ပြင်းထန်တဲ့လေ့ကျင့်ခန်း (ဥပမာ-ဘောလုံး၊ ဘတ်စကက်ဘော၊ အပြေး၊ ကြိုးခုန်) ပြုလုပ်တာတွေ ရှောင်သင့်ပါတယ်။ ပေါ့ပေါ့ပါးပါးလေ့ကျင့်ခန်းမျိုး ပြုလုပ်သင့်ပါတယ်။ ပြင်းထန်တဲ့လေ့ကျင့်ခန်းက ကိုယ်အပူချိန်အများကြီးတက်လာပြီး မထိန်းညှိနိုင်တော့တဲ့အတွက် အန္တရာယ်ရှိနိုင်ပါတယ်။ ဒါကြောင့် ဖြည်းဖြည်းမှန်မှန် သက်သောင့်သက်သာဖြစ်တဲ့အားကစားမျိုးကို ရွေးချယ်သင့်ပါတယ်။

လေ့ကျင့်ခန်းကို ပုံမှန်ပြုလုပ်ဖို့နဲ့ အလျင်စလို မလုပ်ဖို့လိုပါတယ်။ လေ့ကျင့်ခန်းမတွေမှာ လေ့ကျင့်တာဖြစ်စေ၊ အပြင်ထွက်လေ့ကျင့်တာဖြစ်စေ လေ့ကျင့်ရမယ့်နေရာကို ကျင့်သားရပြီး ကျွမ်းကျင်မှုရှိစေဖို့ ဂရုစိုက်သင့်ပါတယ်။ ပုံမှန်လေ့ကျင့်ခန်းပြုလုပ်တာက ပိုပြီးသက်သောင့်သက်သာဖြစ်စေပါတယ်။

ခန္ဓာကိုယ်ပေါ်မှာ အပူချိန်သက်ရောက်မှုရှိပါတယ်။ ရာသီဥတုပူပြင်းလွန်းတာက ခန္ဓာကိုယ်ဖိစီးမှုကိုဖြစ်စေပါတယ်။ လေ့ကျင့်ခန်းပြုလုပ်ချိန်မှာ ရာသီဥတုပူတာကို ဂရုမစိုက်ရင် မလိုအပ်ဘဲ ဖျားနာမှုတွေဖြစ်နိုင်ပါတယ်။ နေပူပူမှာ လေ့ကျင့်ခန်းပြုလုပ်တာကြောင့် ခန္ဓာကိုယ်အပူချိန်ပိုတက်ပြီး သွေးလည်ပတ်မှုကို များစေပါတယ်။ အဲဒီအခါ နှလုံးကြွက်သားဆီကို သွေးရောက်ရှိမှုနည်းသွားတတ်ပါတယ်။ ချွေးအများကြီးထွက်ပြီး မောပန်းတာကြောင့် ခန္ဓာကိုယ်က ပူလောင်နေတတ်ပါတယ်။

ရေသောက်သင့်ပါတယ်။ အားကစားပြုလုပ်တဲ့အချိန်မှာ ချွေးထွက်များရင် ရေများများသောက်ဖို့လိုပါတယ်။ အထူးသဖြင့် နေပူပူမှာ လေ့ကျင့်ခန်းပြုလုပ်သူတွေအနေနဲ့ ရေအစား Sports Drink ကို သောက်ပေးနိုင်ပါတယ်။ Sports Drink မှာ ဆိုဒီယမ်ကလိုရိုက်နဲ့ ပိုတက်စီယမ်တွေပါဝင်ပါ



တယ်။ အယ်လ်ကိုဟောနဲ့ အယ်လ်ကိုဟောပါဝင်တဲ့ဖျော်ရည်တွေကို ရေဓာတ်ခန်းခြောက်နေချိန်မှာ မသောက်သင့်ပါဘူး။ အယ်လ်ကိုဟောက ခန္ဓာကိုယ်ထဲကရေကို ညစ်နွမ်းစေလို့ ရေများများသောက်ပေးဖို့ လိုအပ်ပါတယ်။

အပူကြောင့် နာမကျန်းဖြစ်တတ်ပါတယ်။ ပုံမှန်အခြေအနေဆိုရင် ရာသီဥတုပူပေမယ့် ခန္ဓာကိုယ်ရဲ့သဘာဝအရ ချွေးအနည်းငယ်ထွက်စေပြီး အေးမြအောင်ဖန်တီးနိုင်စွမ်းရှိပါတယ်။ ဒါပေမဲ့ နေပူထဲမှာ အချိန်ကြာကြာနေရမယ်ဆိုရင်တော့ ခန္ဓာကိုယ်က လိုအပ်တာထက် ချွေးထွက်ပြီး နုံးချည့်နေတတ်ပါတယ်။ ဒါကို ကိုယ်က ရေအလုံအလောက်ပြန်မသောက်ဘူးဆိုရင် အပူချိန်ကြောင့် လန်းဆန်းမှုမရှိဘဲ နေထိုင်မကောင်းဖြစ်တတ်ပါတယ်။

အပူလျှပ်တတ်ပါတယ်။ အပူလျှပ်တယ်ဆိုတာက ချက်ချင်းဆိုသလို ခန္ဓာကိုယ်အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ထက်ပိုလာတာ၊ ကိုယ်အပူချိန်တက်လာတာမျိုးဖြစ်ပါတယ်။ အရေပြားတွေပူနေပြီး ခန္ဓာကိုယ်က ချွေးထွက်တာ ရပ်တန့်သွားပါတယ်။ စိတ်ရှုပ်သလို ခံစားရတတ်ပြီး နေထိုင်ရခက်ခဲတာမျိုးလည်းဖြစ်တတ်ပါတယ်။ အဲဒီလိုဖြစ်လာရင် ချက်ချင်းဆိုသလို ဆေးကုသမှုခံယူသင့်ပါတယ်။ အပူချိန်ပိုတက်လာရင် ဦးနှောက်ကို ထိခိုက်နိုင်ပါတယ်။

အဝတ်အစားကို စိစစ်ရွေးချယ်သင့်ပါတယ်။ နွေရာသီမှာ လေ့ကျင့်ခန်းပြုလုပ်မယ်ဆိုရင် အဝတ်အစားကို လင်းတဲ့အရောင်မျိုးရွေးချယ်သင့်ပါတယ်။ လင်းတဲ့အရောင်က အလင်းပြန်တဲ့သဘောရှိပြီး အပူစုပ်ယူမှုနည်းစေပါတယ်။ ချွေးစုပ်စေနိုင်တဲ့ အဝတ်အစားမျိုးကို ရွေးချယ်သင့်ပါတယ်။ ချည်သားကို အခြေခံတဲ့အဝတ်အစားမျိုးက ချွေးစုပ်နိုင်စွမ်းမြင့်မားတာကြောင့် ချည်ထည်ကို ဦးစားပေးရွေးချယ်သင့်ပါတယ်။

နေရောင်ကာခရင်မ်လိမ်းသင့်ပါတယ်။ နွေရာသီမဟုတ်ရင်တောင် နေရောင်ကာခရင်မ်လိမ်းသင့်တာဖြစ်တဲ့အတွက် နေပူအောက်မှာဆိုရင် နေရောင်ကို ပိုပြီးကာကွယ်ဖို့လိုပါတယ်။ ဆံပင်ရှည်သူဆိုရင် ခပ်မြင့်မြင့်လေးချည်နှောင်ထားပြီး လေ့ကျင့်ခန်းပြုလုပ်သင့်ပါတယ်။

လေ့ကျင့်ခန်းကို ဖြည်းဖြည်းနဲ့မှန်မှန်ပြုလုပ်သင့်ပါတယ်။ လေ့ကျင့်ခန်းကို ပြင်းပြင်းထန်ထန်ပြုလုပ်ဖို့ မလိုပါဘူး။ လေ့ကျင့်ခန်းပြုလုပ်ချိန်မှာ ခန္ဓာကိုယ်တုံ့ပြန်မှုကို သတိထားဖို့လိုပါတယ်။ လေ့ကျင့်ခန်းစတင်ချိန်မှာ နာကျင်မှု၊ မောပန်းနွမ်းနယ်မှုတွေကို ခံစားရပြီး သက်သောင့်သက်သာမဖြစ်ဘူးဆိုရင် လေ့ကျင့်ခန်းကို ဆက်မလုပ်သင့်ပါဘူး။ လေ့ကျင့်ခန်းပြုလုပ်ပြီးချိန်မှာ မောပန်းတာ၊ နေမကောင်းချင်သလိုဖြစ်တာမျိုးတွေ ခံစားရရင် လေ့ကျင့်ခန်းပြုလုပ်နေတာကို ချက်ချင်းရပ်လိုက်ပြီး အေးတဲ့နေရာမှာ အနားယူသင့်ပါတယ်။ ခန္ဓာကိုယ်က ရေဓာတ်လိုအပ်ရင်လည်း မောပန်းမှုကို ခံစားရတတ်ပါတယ်။

လေ့ကျင့်ခန်းကို ချက်ချင်းရပ်သင့်တဲ့အချိန်ရှိပါတယ်။ ချွေးအရမ်းထွက်လာတာ၊ ခန္ဓာကိုယ်အပူချိန်လွန်ကဲလာတာနဲ့ မူးသလိုခံစားရတဲ့အခါ လေ့ကျင့်ခန်းပြုလုပ်တာကို ချက်ချင်းရပ်သင့်ပါတယ်။ တင်းကျပ်နေတဲ့အဝတ်အစားတွေကို ချွတ်လိုက်ပြီး ခပ်ပွပွအဝတ်အစားတွေကို ပြောင်းဝတ်သင့်ပါတယ်။ ရေကိုဝအောင်သောက်သင့်ပါတယ်။ ခဏလောက်နားပြီးချိန်မှာ ရေအေးနဲ့ရေချိုးသင့်ပါတယ်။ မိနစ် ၃၀ လောက်နားပြီးလို့မှ မသက်သာသေးဘူးဆိုရင် ဆရာဝန်နဲ့ပြသသင့်ပါတယ်။

နွေရာသီမှာ ပုံမှန် နေ့စဉ် နာရီဝက်ကနေ တစ်နာရီကြာ အပြေး၊ ရွှရွှပြေး၊ စက်ဘီးစီး၊ ရေကူးပြုလုပ်မယ်ဆိုရင် နံနက်စောစောပြုလုပ်တာ အကောင်းဆုံးဖြစ်ပါတယ်။ နေပူအောက်မှာ အကြာကြီးအလုပ်လုပ်ပြီး နေရောင်ကိုကာကွယ်တဲ့ပစ္စည်းတွေ အသုံးမပြုတာက ရေဓာတ်ဆုံးရှုံးစေပါတယ်။ အဲဒီလိုရေဓာတ်ဆုံးရှုံးနေချိန်မှာ ပြင်းထန်တဲ့လေ့ကျင့်ခန်းတွေပြုလုပ်တာကြောင့် အပူလျှပ်တာ၊ သတိလစ်တာတွေဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် ပူပြင်းတဲ့နွေရာသီမှာ တတ်နိုင်သလောက် အပူဒဏ်ကိုရှောင်ကြဖို့လိုအပ်ပါတယ်။

လေ့ကျင့်ခန်းပြုလုပ်တာက စိတ်ရောကိုယ်ပါ ကောင်းကျိုးတွေအများကြီးဖြစ်စေပေမယ့် ပူပြင်းတဲ့နွေရာသီမှာဆိုရင်တော့ ဂရုမစိုက်မိရင် အန္တရာယ်ရှိနိုင်ပါတယ်။ ဒါကြောင့် အပူဒဏ်ကြောင့်ဖြစ်တဲ့ ကျန်းမာရေးဆိုးကျိုးတွေကို ကာကွယ်နိုင်အောင်၊ စိတ်ရောကိုယ်ပါကျန်းမာအောင် လေ့ကျင့်ခန်းပြုလုပ်တဲ့အခါ ရှောင်ကြဉ်ရမယ့်အရာတွေကို ဂရုစိုက်သင့်ပါတယ်။

အချုပ်အားဖြင့်ဆိုရရင် အပူလျှပ်ပါက အရိပ်ရအေးမြပြီး လေဝင်လေထွက်ကောင်းတဲ့နေရာ ဒါမှမဟုတ် အဲကွန်းခန်းမှာနေထိုင်တာ၊ ရေနဲ့ဓာတ်ဆားသောက်သုံးတာ၊ လူနာရဲ့ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေဖို့ နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နဲ့ ပေါင်ခြံနှစ်ဖက်တို့ကို ရေဖတ်တိုက်တာတို့ပြုလုပ်သင့်ပါတယ်။ ဒ့ါပြင် အပူဒဏ်ကြောင့် သွေးလန့်တာကို နီးစပ်ရာကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးခန်းတွေဆီ အမြန်ဆုံးသွားရောက်ပြသပြီး ကုသမှုခံယူသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

**ဒေါက်တာလွင်သန့်**

---

**သထုံ၊ လူမှုရေး**

# နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသားကျောင်းသူများအတွက် အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်လှစ်




မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ပြည်သူ့စာကြည့်တိုက်ရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ၌ မေလ ၁၁ ရက်က နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ အချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရေး အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်ပွဲ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် ကာယ၊ ဉာဏစွမ်းရည် ဘက်စုံဖွံ့ဖြိုးတိုးတက်ကာ အနာဂတ်တွင် နိုင်ငံ့သားကောင်းများဖြစ်လာစေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် သင်တန်းနည်းပြ ပန်းချီပညာရှင် ဦးအောင်ဆန်းက အခြေခံပန်းချီပညာရပ်ကိုနားလည်ပြီး ကြံဆရေးဆွဲနိုင်ခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ ပညာရေး၊ ကာယ၊ ဉာဏစွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အသုံးဝင်မှုများနှင့် ပန်းချီပညာရပ်၏အကျိုးကျေးဇူးများ၊ နှစ်စဉ် နွေရာသီကျောင်းပိတ်ရက်တွင် အခြေခံပန်းချီသင်တန်း ဖွင့်လှစ်ပေးနေမှုတို့ကို ပြောကြားပြီး သင်တန်းကို ဆက်လက်ပို့ချပေးရာ ကျောင်းသား၊ ကျောင်းသူများက လေ့လာသင်ယူကြသည်။

အဆိုပါသင်တန်းသို့ ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး တက်ရောက်ကြပြီး ပန်းချီပညာရှင်နည်းပြနှစ်ဦးက အခြေခံပန်းချီရေးဆွဲနည်းများ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**

ရန်ကုန်  မေ  ၁၂

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)၏ နှစ်ပတ်လည်အခမ်းအနားကျင်းပ

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)၏ (၁၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်ကုန်းမြေရှိ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) (ဗဟို)ရုံးခန်းမ၌ကျင်းပသည်။



အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး မော်ကျွန်းဆရာတော် တိပိဋကဓမ္မဘဏ္ဍာဂါရိက ဒေါက်တာဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်၍ ဆရာတော်ကြီးများထံမှ အန္တရာယ်ကင်းပရိတ်တရားတော်များကိုနာယူကြသည်။

ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ပြည်နယ်/တိုင်းဒေသကြီး ဥက္ကဋ္ဌများ ညှိနှိုင်းရေးမှူး ဦးပြည်စိုးဟန်က အသင်းကြီး၏ ဆောင်ရွက်ချက်များကို လျှောက်ထားပြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) (ဗဟို) ဥက္ကဋ္ဌ ဦးရဲထွန်းနှင့်တာဝန်ရှိသူများက အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော်များအား နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် YMBA အသင်းနှင့် ဆရာတော်ကြီးများအတွက် ဓမ္မသံတော်ဆင့် စာပေထုတ်ဝေသူ ဦးကျော်စွာဝင်းမိသားစုက ဓမ္မသံတော်ဆင့်စာစောင်ပေါင်းချုပ်များ၊ သာသနာဝင်စာအုပ်များနှင့် သုတ၊ ရသ စာအုပ်များကို လှူဒါန်းသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက မော်ကျွန်းဆရာတော် ဒေါက်တာဘဒ္ဒန္တသီလက္ခန္ဓာထံမှ ဩဝါဒကထာနှင့် အနုမောဒနာတရားနာကြားပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

၁၉၀၆ ခုနှစ်တွင် စတည်တည်ထောင်ခဲ့သော ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)သည် ယခု ၂၀၂၄ ခုနှစ်တွင် (၁၁၈)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော်  မေ  ၁၂

## (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး

၂၀၂၄ ခုနှစ် (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့ပြပွဲတွင် အုပ်စု(C)မှ ကျောက်စိမ်းအတွဲအမှတ် ၃၇၅၁ မှ ၄၅၅၀ အထိ ကျောက်စိမ်းအတွဲပေါင်း ၈၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချပေးခဲ့ပြီး ကျောက်စိမ်းအတွဲပေါင်း ၇၅၈ တွဲ ရောင်းချခဲ့ရကြောင်း ကြေညာခဲ့သည်။

(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲ ၃၇၉ တွဲ၊ ကျောက်မျက်အတွဲ ၈၈ တွဲ၊ အုပ်စု(A)နှင့် အုပ်စု(B)မှ ကျောက်စိမ်းအတွဲ ၁၅၃၉ တွဲနှင့် အုပ်စု(C)မှ ကျောက်စိမ်းအတွဲ ၁၇၁၂ တွဲ စုစုပေါင်းကျောက်စိမ်းအတွဲပေါင်း ၃၂၅၁ တွဲကို ရောင်းချပေးနိုင်ခဲ့သည်။

ယခုကျင်းပသည့် (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်၊ နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများရရှိစေရန်၊ စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့ရှိ ကျောက်စိမ်းအချောထည်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော MSME လုပ်ငန်းများအတွက် ကုန်ကြမ်းရရှိစေရန် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏စီစဉ်မှုဖြင့် မေလ ၃ ရက်မှ ၁၂ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

ရန်ကုန်  မေ  ၁၂

## ဥက္ကလာဂေါက်ကွင်းတွင် တစ်ချက်တည်းကျင်းဝင်



ဥက္ကလာဂေါက်ကွင်းသည် ရန်ကုန်မြို့တွင်းနှင့် အနီးစပ်ဆုံးနေရာတွင်တည်ရှိပြီး နိုင်ငံတကာအဆင့်မီကျင်း ၂၇ ကျင်းပါဝင်သော ဂေါက်ကွင်းအဖြစ် အဆင့်မြှင့်တင်ထားရှိကာ နေ့ဘက်တွင် မအားလပ်သူများအတွက် ညဘက်တွင်ပါ Night Golf ကစားနိုင်ရန် စီစဉ်ပေးထားခြင်းများအပါအဝင် အဆင့်မီဝန်ဆောင်မှုများ ပေးအပ်လျက်ရှိသောကြောင့် ပြည်တွင်း/ပြည်ပ ဂေါက်သီးရိုက်အားကစားသမားများ အများအပြားလာရောက်ကစားလျက်ရှိရာ မေလ ၁၂ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ဂေါက်သီးရိုက်ကစားသမား ဦးစည်သူမောင်သည် ကစားဖော်များဖြစ်သော ဦးစန်းကိုကို၊ ဦးအောင်သူရထွန်း၊ ဦးအေးမင်းစိုးတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၅) ၌ Callaway No.4 ဘောလုံးကို Titleist AP2 No.7 တုတ်ဖြင့် ၁၆၀ ကိုက်အကွာအဝေးမှရိုက်ရာ တစ်ချက်တည်းကျင်းဝင် (Hole In One) သွားခဲ့သည်။

Hole In One ရရှိသော အဆိုပါကစားသမားကို ဥက္ကလာဂေါက်ကွင်းမှ TRISTAR အမှတ်တံဆိပ် တာယာနှစ်လုံး၊ တစ်လအတွင်း အခမဲ့ဂေါက်သီးရိုက်ကစားခွင့် (၅) ကြိမ်လက်မှတ်များနှင့် Mytel မှ ငွေသားဆု ၁၀၀၀၀၀ ကျပ်ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး ဥက္ကလာဂေါက်ကွင်းတွင် Hole In One ရရှိခြင်းမှာ ယခုအကြိမ်နှင့်ဆိုလျှင် (၈၁)ကြိမ်မြောက်ရရှိခြင်းဖြစ်သည်။

ဥက္ကလာဂေါက်ကွင်းအား နိုင်ငံတကာအဆင့်မီဂေါက်ကွင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး လာရောက်ကစားသူများအား အကောင်းဆုံးဝန်ဆောင်မှုပေးထားကြောင်းသတင်းရရှိသည်။ **(၅၀၀)**

## သည်နွေလွန်မြောက် မိုးရောက်စေချင်

* ဂိမှာန်နွေဦး
လေရူးဝှေ့နေ၊ ရွက်ဝါကြွေ၍
လေမှာရှပ်တိုက်၊ မြေနှံ့ရှိုက်ကာ
လှိုက်ဆူလွန့်လူး၊ ပူရှိန်ကူးရ
ထူးစွမြေမှာ၊ လောင်ကျွမ်းရှာသည်
နွေခါနေ့ခင်း လွန်ပူပြင်း။

* နွေရဲ့သရုပ်
ရွှေရုပ်လိုလှ၊ ပိတောက်မလျှင်
လှမာန်မဝင့်၊ ဂုဏ်မတင့်နိုင်
သခင့်လိုရာ၊ ပွင့်ဝါဝါကို
ပေးပါချင်လည်း၊ မျက်ရည်ဝဲကာ
ရင်ထဲနာလျက်၊ ကိုင်းခက်ရွက်တွေ
နွမ်းလျက်ကြွေလည်း၊ ဖူးညွှန့်သဲညှာ
ခွဲခွာနိုင်ဘူး၊ နွေမူးမူးဝယ်
သွင်ထူးနေရောင်၊ ပူလောင်ပြင်းပြင်း
အံတင်းကြိတ်ကာ၊ နေရရှာသည်
ပန်းဝါပိတောက်၊ ပွင့်မရောက်နိုင်
တောက်လျှောက်နွေရယ် ပူလွန်းတယ်။

* နွေကိုစောင့်ကြို
လွမ်းချိုသံနှော၊ နွေဥဩလည်း
သောသောညံလျက်၊ ပင်အိုထက်မှ
နှုတ်ဆက်တွန်ကြူး၊ မပျော်မြူးနိုင်
နွေဦးကျော်လွမ်း၊ မိုးသို့မှန်းကာ
အလွမ်းမျက်ရည်၊ စိုစို့ဝေသည်
သည်နွေအခင်း ပူပြင်းတယ်. . .။

* ရွက်ဝါလည်းကြွေ၊ မိုးမစွေလို့
ရွှေရည်ပိတောက်၊ ပွင့်မရောက်ရ
ဂုဏ်မောက်နေမင်း၊ ပူရှိန်ပြင်းလျက်
လွမ်းခြင်းဥဩ၊ မြိုင်ခြေတောသို့
မမောတမ်းဆင်း၊ အားမာန်တင်းကာ
မိုးမင်းအလာ၊ ဝသန်ခါကို
မျှော်ကာ တမ်းတနေတော့သည်. . .။

**ကိုသိုက်(ပုသိမ်)**

ပဲခူး မေ ၁၂

# ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ရွှေတိဂုံလေးစေတီတော်မြတ်ကြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲကျင်းပ

ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ရွှေတိဂုံလေးစေတီတော်မြတ်ကြီးအထွတ်တွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ကြည်ညို တင်လှူပူဇော်သည်။



ရှေးဦးစွာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်အပေါင်းက ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင်ရွှေတိဂုံလေးစေတီတော်မြတ်ကြီးအထွတ်တွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲအခမ်းအနားအား နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပဲခူးမြို့ ဥဿာသီရိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တသူရိယ မဟာထေရ်မြတ်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလှူရှင်များက ဆရာတော်များထံ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပဲခူးတိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ တိပိဋကဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍာစရာလင်္ကာရာဘိဝံသ ဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အလှူရှင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်များအား စေတီတော်ကြီးအထွတ်သို့ မင်္ဂလာရထားပျံဖြင့်တင်လှူပူဇော်ခဲ့ကြပြီး ရတနာရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးကြကြောင်းသိရသည်။ **(၄၀၁)၊ တင်စိုး(ပဲခူး)**

---

မန္တလေး မေ ၁၂

# M21 U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲကို မန္တလေးမြို့တွင် စတင်ကျင်းပ

မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီက ကြီးမှူးကျင်းပမည့် M21 U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှစတင်ပြီး မန္တလေးမြို့ Min Khant Myanmar Sports Complex တွင်စတင်ကျင်းပကြောင်း သိရသည်။

M21 U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲကို မန္တလေးမြို့ Min Khant Myanmar Sports Complex တွင် ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ယနေ့မှစတင်ပြီး မေလ ၂၀ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

M21 U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီတွင် Family City အသင်းနှင့် MB United အသင်းတို့ကစားခဲ့ရာ MB United အသင်းက ၈ ဂိုး ၃ ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် Pyae Sone FC အသင်းနှင့်Royal Brother FC အသင်းတို့ကစားခဲ့ရာ Pyae Sone FC အသင်းက ၉ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ အလားတူ မွန်းလွဲ ၁၂ နာရီခွဲတွင် UPK FC အသင်းနှင့် Shwe Hlan Bo FC အသင်းတို့ကစားခဲ့ရာ UPK FC အသင်းက ၁၈ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် BTB FC အသင်းနှင့် Top United အသင်းတို့ကစားခဲ့ရာ Top United အသင်းက ၅ ဂိုး ၄ ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

M21 U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲအုပ်စုပွဲစဉ်များအဖြစ် မေလ ၁၃ ရက်တွင် Scary Owls FC အသင်းနှင့် Family City အသင်း၊ Lin Lat Shwe Sin FC အသင်းနှင့် Pyae Sone အသင်း၊ Linn Latt FC အသင်းနှင့် UPK FC အသင်း၊ Sun Shine FC အသင်းနှင့် BTB FC အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **စည်သူအောင်**

---

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## ဖူး နဲ့ ဘူး

(ယမန်နေ့မှအဆက်)

မြန်မာစာအဖွဲ့က ပြုစုတဲ့ မြန်မာအဘိဓာန်မှာ “ဖူး”ကို ဖူးတွေ့၊ ဖူးမြော်၊ ဖူးမြင်၊ ဖူးရောင်၊ ဖူးစာ၊ ဖူးဖဲချပ်” အစရှိတဲ့ အသုံးတွေနဲ့ အနက်ဖွင့်ပြထားတာကို တွေ့နိုင်ပါတယ်။ ဒါပေမဲ့ ညီလေးမေးချင်တဲ့ “ဖူး” က အဲဒီကြိယာ “ဖူး”တွေ၊ နာမ် “ဖူး”တွေ မဟုတ်ပါဘူး။ ပစ္စည်း “ဖူး” အကြောင်းနော်။ ပစ္စည်း “ဖူး” ကို ဒီလိုရှင်းပြထားတယ်။ “ဖူး၊ စည်း– ကြုံတွေ့သိမြင် ဖြစ်ပျက်ခဲ့ပြီးကြောင်း ထင်ရှားစေသည့် စကားလုံး” တဲ့။

“ဘူး”နဲ့ပတ်သက်လို့ကတော့ “ဘူးသီး၊ ထည့်စရာဘူး”တို့ကို ဖွင့်ပြပြီး ပစ္စည်းအနေနဲ့ “ဘူး၊ စည်း–ငြင်းပယ်သောအနက်ဖြင့် ကြိယာကို ထောက်ကူသော စကားလုံး”လို့ ပြထားပါတယ်။

အတိုချုပ်ပြောရရင်တော့ ပစ္စည်းတွေဖြစ်တဲ့ “ဖူး” နဲ့ “ဘူး” တို့မှာ “ဖူး”ကို ကြုံတွေ့ပြီးဖြစ်တဲ့ သဘော၊ “ဘူး”ကို “ငြင်းပယ်” တဲ့ သဘောနဲ့ သုံးတယ်လို့ ဆိုနိုင်ပါတယ်။

ကဲ၊ ညီလေးရေ၊ “ဖူး” နဲ့ “ဘူး” ရဲ့ မူလအနက် ရင်းမြစ်အနက် ဘယ်လိုရှိတယ်ဆိုတဲ့အထိ နည်းနည်းတိုးကြည့်လိုက်ကြရအောင်။ “ဖူး”ရဲ့ မူလအနက်ကတော့ “ပူးယှဉ်၊ ထိတွေ့၊ ကြုံကြိုက်၊ ပေါင်းစည်း” ပဲ ဖြစ်တယ်။ “ဖူး” ရဲ့ အနက်ကို စဉ်းစားတဲ့အခါ “ပူး” ရဲ့ အနက်နဲ့လည်း ဆက်စပ်စဉ်းစားရတယ်ဆိုတာ ညီလေး သိပြီးသားဖြစ်မှာပါ။ “ပူး” နဲ့ “ဖူး” က “သုဒ္ဓ” နဲ့ “ကာရိုက်”လေ။ (“သုဒ္ဓ” နဲ့ “ကာရိုက်” အကြောင်း နောင်အလျဉ်းသင့်တဲ့အခါ ရှင်းပြမယ်နော်။)

“ပူး” ရဲ့ အနက်ကလည်း “ကပ်၊ ယှဉ်၊ ပေါင်း၊ ထိ၊ တွေ့”ပဲဆိုတော့ “ဖူး” ရဲ့အနက်နဲ့ မခြားတော့ဘူးပေါ့။ ဒါကြောင့်လည်း “ဖူး”ကို “တွေ့၊ မြင်၊ မြော်” တို့နဲ့တွဲပြီး “ဖူးတွေ့၊ ဖူးမြင်၊ ဖူးမြော်” ရယ်လို့ ဝေါဟာရတွေ ရှိခဲ့တာမဟုတ်လား။ “ဖူး” မှာ “ထိ၊ တွေ့” ဆိုတဲ့အနက်ရှိလို့လည်း “ဖူး”ကို ပစ္စည်းအဖြစ်သုံးတဲ့အခါ “ဖူး” နဲ့ တွဲထားတဲ့ ကြိယာကို လေးနက်အောင် ထောက်ပံ့တဲ့သဘောက “ကြုံတွေ့သိမြင် ဖြစ်ပျက်ခဲ့ပြီးတာ သေချာစေတဲ့သဘော” ဖြစ်နေတာပေါ့။

သာဓကအနေနဲ့ပြောရရင် “စားဖူးတယ်၊ သောက်ဖူးတယ်၊ သွားဖူးတယ်၊ ရောက်ဖူးတယ်” ဆိုတဲ့အသုံးတွေဆိုပါတော့။ “စားဖူးတယ်” ဆိုတာ “စားတဲ့အလုပ်နဲ့ ကြုံတွေ့ခဲ့ဖူးတာ သေချာတယ်။ စားတဲ့အဖြစ်အပျက် ဖြစ်ပျက်ပြီးတာ သေချာတယ်” လို့ ဆိုတာပါပဲ။ “သောက်ဖူးတယ်” ဆိုရင်လည်း “သောက်တဲ့အလုပ်နဲ့ ကြုံတွေ့ခဲ့ပြီးတာ သေချာတယ်။ သောက်တဲ့အဖြစ်အပျက် ဖြစ်ပျက်ပြီးတာ သေချာတယ်”လို့ ပြောချင်တာပါ။

“သွားဖူးတယ်၊ ရောက်ဖူးတယ်” ဆိုတာတွေမှာလည်း အဲဒီနည်းပါပဲ။ “သွားခဲ့ပြီးတာအမှန်ဖြစ်တယ်၊ ရောက်ခဲ့ပြီးတာအမှန်ဖြစ်တယ်”လို့ ပြောတာပါ။ “မြင်ဖူးတယ်၊ ကြားဖူးတယ်” ဆိုတာလည်း “အရင်ကမြင်ခဲ့ပြီးတာ၊ အရင်ကြားခဲ့ပြီးတာ” ကိုပဲ ဆိုချင်တာ မဟုတ်လား။ ဒါကြောင့်မို့ “ကြုံတွေ့သိမြင် ဖြစ်ပျက်ခဲ့ပြီးတာ သေချာစေလို”တဲ့ အခါမျိုးမှာ “ဖူး” ကို ဆိုင်ရာကြိယာရဲ့နောက်မှာ တွဲသုံးကြတာပေါ့။ ကဲ၊ ပစ္စည်းဝါစင်္ဂဖြစ်တဲ့ “ဘူး”ကို ကြည့်လိုက်ကြဦးစို့။ အဲဒီ “ဘူး”ဟာ အသံစွဲအရေးပဲ။ အနက်စွဲအရေးတိုင်းသာရေးရရင် “ဖူး”လို့ ရေးရမှာပါ။ ဘာကုန်း “ဘူး”ရဲ့ မူလအနက်ဟာ ဖဦးထုပ် “ဖူး”မှာပဲ ရှိတယ်လေ။ အဲဒီတော့ “ဘူး” ဟာလည်း “ဖူး”လိုပဲ “ကြုံတွေ့သိမြင် ဖြစ်ပျက်ခဲ့ပြီးတာ သေချာ”တဲ့ သဘောပဲပေါ့။ ဒါဖြင့် ဘာကြောင့် “ဖူး” နဲ့ အသုံးမတူတာလဲလို့ မေးစရာရှိတယ်။ ဒါက ရှေ့မှာရှိတဲ့ အငြင်းပြပစ္စည်း“မ” ကြောင့်ပဲလို့ ဖြေရမှာပါ။ “မ”ဟာ ပစ္စည်းအနေနဲ့ ကြိယာရဲ့အနက်ကို ငြင်းပယ်တားမြစ်လိုတဲ့အခါ သုံးတဲ့စကားလုံး ဖြစ်တယ်လေ။ ဒါကြောင့်လည်း “မ”ကို ငြင်းပယ်သောအနက်ဖြင့် ကြိယာကိုထောက်ကူသော စကားလုံးလို့ မြန်မာအဘိဓာန်မှာ ဆိုထားတာပဲ။ တကယ်တော့ “ဘူး” က ငြင်းပယ်တာကို ပြတာမဟုတ်ဘူးနော်။ “မ” ကမှ ငြင်းပယ်တာကို ပြတာပါ။

အမှန်တော့ အသံစွဲအရေးဖြစ်တဲ့ “ဘူး” ရဲ့အနက်ဟာ အနက်စွဲအရေးဖြစ်တဲ့ “ဖူး”ရဲ့ အနက်အတိုင်း “ကြုံတွေ့သိမြင် ဖြစ်ပျက်ခဲ့ပြီးတာ သေချာတဲ့” သဘောပါပဲ။ ဒါကြောင့် “မသွားဘူး၊ မလာဘူး၊ မစားဘူး၊ မသောက်ဘူး” ဆိုတာတွေမှာ “မသွားတာ၊ မလာတာ၊ မစားတာ၊ မသောက်တာ၊ မှန်ကန်သေချာထင်ရှားတယ်” ပြောရမှာပေါ့။ တစ်နည်းပြောရရင်တော့ “သွားတာ၊ လာတာ၊ စားတာ၊ သောက်တာမဟုတ်ပါ” လို့ အသေအချာပြောလိုတဲ့ သဘောပေါ့။ “မသွားဘူး၊ မလာဘူး၊ မစားဘူး၊ မသောက်ဘူး” ဆိုတာတွေကို “ဘူး” မပါဘဲ “မသွား၊ မလာ၊ မစား၊ မသောက်” လို့ပြောရင်လည်း မူလအနက်အဓိပ္ပာယ် မပြောင်းပါဘူး။ ဒါပေမဲ့ “ဘူး”ပါရင်တော့ အနက်ဟာ ပိုပြီး “သေချာလေးနက်” သွားတယ်လေ။ ငြင်းပယ်တဲ့အနက်ဟာ “မ” မှာသာရှိတယ်ဆိုတာ သေချာတယ်မဟုတ်လား။ “မ” နဲ့တွဲလိုက်မှ “ငြင်းပယ်” တဲ့အနက် ရှိသွားတာပေါ့။ ဒါဖြင့် “ဘူး” တစ်လုံးတည်းကို “ငြင်းပယ်တဲ့အနက်နဲ့ ကြိယာကို အထောက်အကူပြုတဲ့ စကားလုံး”လို့ ဘာကြောင့်ပြောရတာလဲလို့ မေးချင်စရာပါပဲ။ ဒါအတွက်လည်း အဖြေရှိပြီးသားပါ။ အဖြေကတော့ “ဘူး” ဟာ “မ” မပါဘဲ တစ်လုံးတည်း သုံးမရလို့ပါပဲ။ ကြိယာရဲ့နောက်မှာ “ဘူး” ရှိနေရင် ကြိယာရဲ့ရှေ့မှာ “မ” မလွဲမသွေ ရှိနေပါတယ်။ ဒါကြောင့်လည်း မြန်မာသဒ္ဒါ “မ” တစ်လုံးတည်းကိုလည်း “အငြင်းပြပစ္စည်း”လို့ ပြထားတယ်လေ။

ကဲ၊ ဒီလောက်ဆိုရင် “ဖူး” နဲ့ “ဘူး” ဘယ်လိုကွာတယ်ဆိုတာ သာမက ဘယ်လိုတူတယ်ဆိုတာလည်း သိပြီ။ ဘယ်လိုကွဲကွဲပြားပြား ခွဲခြားမှတ်ရမယ်ဆိုတာလည်း သိလောက်ပြီထင်ပါရဲ့။ ပစ္စည်း “ဖူး” နဲ့ “ဘူး”ကို တစ်တွဲတည်း ဆက်သုံးကြ၊ ပြောကြတဲ့ –

တစ်ခါမှ မမြင်ဖူးဘူး။
အရင်က မစားဖူးဘူး။
ဘယ်သူမှ မရေးဖူးဘူး။
ဒီစာအုပ်ကို မဖတ်ဖူးဘူး။

ဆိုတာမျိုးတွေမှာ “ဖူး” နဲ့ “ဘူး”ကို ခွဲထားအဖြစ် မှတ်ထားရင် ရမယ်ထင်ပါတယ်။ ဒါမှ မှတ်လို့ မရသေးရင်တော့ ညီလေးတို့ ဆိုဆိုနေကြတဲ့ “ချစ်ဖူးတယ်၊ ချစ်ဖူးတယ်၊ အို မလွယ်ဘူး ရူးနိုင်တယ်” ဆိုတဲ့ သီချင်းလေးကို အာရုံပြုလိုက်ပါဘိ။

တွေ့ဖူးကြုံဖူး၊ ကြားမြင်ဖူး
ဖဦးထုပ်နဲ့ဖူး။
မတွေ့ပါဘူး၊ မမြင်ဘူး၊
ငြင်းလျှင် ဘကုန်းဘူး။

မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေကွယ်။

ကိုကြီး



သက်တော် ၉၉ နှစ်ရှိ သက်တော်ရှည်ကျိုင်းယင်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဖူးမြော်ကြည်ညိုစဉ်။



သက်တော် ၉၉ နှစ်ရှိ သက်တော်ရှည်ကျိုင်းယင်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ လှူဖွယ်ပစ္စည်းများကိုဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကျိုင်းတုံဟော်နန်းပုံစံတူပြတိုက်အတွင်း၌ ခင်းကျင်းပြသထားမှုများကို စော်ဘွားကြီး၏ဆွေတော်မျိုးတော်များနှင့်အတူ စိတ်ဝင်တစားလိုက်လံကြည့်ရှုစဉ်။

★ စာမျက်နှာ ၁၇ မှအဆက်

ဆောက်လုပ်ရေးတာဝန်ယူဆောင်ရွက်ခဲ့သည့်တာဝန်ရှိသူများကို ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ကျိုင်းတုံဟော်နန်းပုံစံတူပြတိုက်အတွင်း၌ ခင်းကျင်းပြသထားသည့် ကျိုင်းတုံနယ်ရှင်စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျဲန်နှင့် မိသားစုဝင်များ၊ ဆွေတော်မျိုးတော်များ၏ သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ အထောက်အထားမှတ်တမ်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ အခန်းဖွဲ့စည်းဆောင်ရွက်ထားရှိမှုများကို စော်ဘွားကြီး၏ဆွေတော်မျိုးတော်များနှင့်အတူ စိတ်ဝင်တစားလိုက်လံကြည့်ရှုခဲ့ပြီး သမိုင်းမှတ်တမ်းအထောက်အထားများ ယခုထက်ပိုမိုပြည့်စုံစွာရရှိနိုင်ရေး၊ ရှိပြီးဖြစ်သည့် ရှေးဟောင်းအသုံးအဆောင်ပစ္စည်းများ ပျက်စီးမှုမရှိစေရေးအတွက် စနစ်တကျထိန်းသိမ်းပြီး လိုအပ်ပါကမှန်များကာရံ၍ ရေရှည်တည်တံ့ခိုင်မြဲရေးဆောင်ရွက်သွားရန်နှင့် မပျောက်ပျက်အောင်အဆင့်ဆင့်လက်ဆင့်ကမ်းထိန်းသိမ်းသွားနိုင်ရေး လိုအပ်သည်များကို ဆွေးနွေးပြောကြားသည်။

အဆိုပါ ကျိုင်းတုံနယ်ရှင်စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျဲန်၏ ကျိုင်းတုံဟော်နန်းကြီးကို ၁၉၀၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံမှ ပညာရှင်များခေါ်ဆောင်၍ စတင်ဆောက်လုပ်စေခဲ့ခြင်းဖြစ်ပြီး ၁၉၀၆ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း၊ ဥရောပနှင့် အိန္ဒိယဟန်များလွှမ်းမိုးထားပြီး ရှမ်းရိုးရာနှင့် မြန်မာဗိသုကာပုံစံတို့ကို ပေါင်းစပ်တည်ဆောက်ထားခြင်းဖြစ်ကာ ကျိုင်းတုံမြို့၏ပထမဆုံးသော ဘိလပ်မြေအဆောက်အဦဖြစ်ကြောင်း၊ ဟော်နန်းကြီးတွင် စော်ဘွားကြီးစဝ်ကွန်ကျောက်အင်းထလျဲန်၏ သားဖြစ်သူ စော်ဘွား စဝ်ကောင်တိုင်းနှင့် မြေးဖြစ်သူ စော်ဘွား စဝ်စိုင်းလုံတို့မိသားစုများ နေထိုင်ခဲ့ကြကြောင်း၊ ၁၉၅၉ ခုနှစ်အထိ စော်ဘွားမိသားစုများနေထိုင်ခဲ့ကြပြီး ၁၉၆၂ ခုနှစ်တွင် ဟော်နန်းအား အစိုးရရုံးအဖြစ် အသုံးပြုခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် စော်ဘွားကြီး၏ ဆွေတော်မျိုးတော်များ၊ ဒေသခံမြို့မိမြို့ဖများ၏ တောင်းဆိုချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်ချက်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ တိုင်းရင်းသားတို့၏ သမိုင်းဝင်အဆောက်အဦများ၊ ဘာသာရေးအဆောက်အဦများကို မူလပုံစံမပျက်ပြန်လည်ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းဖြင့် နိုင်ငံတော်၏ သမိုင်းအစဉ်အလာကြီးမားမှုကို ဖော်ပြနိုင်မည် အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံလေဆိပ်အဆင့်မြှင့်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်နိုင်ဦးတို့က ကျိုင်းတုံလေဆိပ် သမိုင်းအကျဉ်းနှင့် လေဆိပ်ဆိုင်ရာများ၊ လေယာဉ်ပြေးလမ်းနှင့် လေဆိပ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျိုင်းတုံမြို့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ မြို့တော်ဖြစ်ပြီး လမ်းပန်းဗုဒ္ဓဥယျာဉ်၊ အသစ်ပြန်လည်တည်ဆောက်ထားသည့် ကျိုင်းတုံဟော်နန်းပုံစံတူပြတိုက်၊ နောင်တုံကန်၊ လွယ်မွေအပန်းဖြေ တောင်စခန်းမြို့နှင့် အခြားလည်ပတ်နိုင်သည့်နေရာများစွာရှိကြောင်း၊ အလားတူကျိုင်းတုံမြို့တွင် SME လုပ်ငန်းများလည်းရှိပြီး ထုတ်ကုန်များကို ထုတ်လုပ်လျက်ရှိကြောင်း၊ ကျိုင်းတုံလေယာဉ်ကွင်းအားအဆင့်မြှင့်တင်ခြင်းသည် အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ခြင်းပင်ဖြစ်ကြောင်း၊ ယခုအခါ ပြည်တွင်းခရီးစဉ်များ၌ ဝေးကွာသည့်နေရာများသို့ ဂျက်လေယာဉ်များကို အသုံးပြုလာပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အသုံးပြုလျက်ရှိသော ဂျက်လေယာဉ်များ ဆင်းသက်နိုင်သည်အထိ အဆင့်မြှင့်တင်ဆောင်ရွက်ရန်လိုကြောင်း၊ အိမ်နီးနားချင်းနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင်လည်း လာအိုနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကျိုင်းတုံလေဆိပ်သို့ တိုက်ရိုက်ပျံသန်းဆင်းသက်နိုင်ရေးဆောင်ရွက်ရန်လိုကြောင်း၊ ကျိုင်းတုံမြို့ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်၊




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံဟော်နန်းပုံစံတူပြတိုက်အတွင်း၌ ခင်းကျင်းပြသထားမှုများကို စော်ဘွားကြီး၏ဆွေတော်မျိုးတော်များနှင့်အတူ စိတ်ဝင်တစားလိုက်လံကြည့်ရှုစဉ်။

ဖြစ်ကြောင်းနှင့် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး တစ်လေတည်းရှူနေကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများအချင်းချင်း ခင်မင်ရင်းနှီးမှု၊ ယုံကြည်မှု၊ အေးချမ်းသာယာမှုနှင့် လူမှုစီးပွားတိုးတက်စေမှုတို့ကို များစွာဆက်သွယ်မှုဝေးကွာသည့် နေရာတစ်ခုလည်းဖြစ်ကြောင်း၊ ကျိုင်းတုံဒေသတွင် ခရီးသွားများကိုဆွဲဆောင်နိုင်သော သာယာလှပသည့် သဘာဝပတ်ဝန်းကျင် ရေမြေတောတောင်များကိုပိုင်ဆိုင်ထားရှိပြီး ပန်ကွဲကျေးရွာရှိဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် ယခုကဲ့သို့အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လေဆိပ်အသစ်တည်ဆောက်ခြင်းနှင့်

စာမျက်နှာ ၁၂ သို့ ★






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ကျိုင်းတုံလေဆိပ်သမိုင်းအကျဉ်းနှင့် လေဆိပ်ဆိုင်ရာများ၊ လေယာဉ်ပြေးလမ်းနှင့် လေဆိပ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

❖ ကျိုင်းတုံလေယာဉ်ကွင်းအား အဆင့်မြှင့်တင်ခြင်းသည် အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ခြင်းပင်ဖြစ်၊ ဂျက်လေယာဉ်များ ဆင်းသက်နိုင်သည့်အထိ အဆင့်မြှင့်တင်ဆောင်ရွက်. . .

❖ အိမ်နီးနားချင်းနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင်လည်း လာအိုနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကျိုင်းတုံလေဆိပ်သို့ တိုက်ရိုက်ပျံသန်းဆင်းသက်နိုင်ရေး ဆောင်ရွက်ရန်လို. . .

❖ လေဆိပ်အသစ်တည်ဆောက်ခြင်းနှင့် လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်ခြင်းများဆောင်ရွက်ရာတွင် စနစ်တကျဆောက်လုပ်ရန်လို၊ မည်သည့်ရာသီဥတုတွင်မဆို လေယာဉ်များဆင်းသက်နိုင်ရန် လေယာဉ်ပြေးလမ်းအတွက် လိုအပ်သော အထောက်အကူပစ္စည်းများကို ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်. . .



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံလေဆိပ်အသစ် တည်ဆောက်မည့်နေရာနှင့် လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။





☆ စာမျက်နှာ ၁၁ မှအဆက်

လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ရာတွင် စနစ်တကျဆောက်လုပ်ရန်လိုကြောင်း၊ မည်သည့်ရာသီဥတုတွင်မဆို လေယာဉ်များဆင်းသက်နိုင်ရန် လေယာဉ်ပြေးလမ်းအတွက်လိုအပ်သော အထောက်အကူပစ္စည်းများကို ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်သွားရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံလေဆိပ်အသစ်တည်ဆောက်မည့်နေရာနှင့် လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် မေလ ၁၀ ရက် ညနေပိုင်းကလည်း သက်တော် ၉၉ နှစ်ရှိ သက်တော်ရှည် ကျိုင်းယင်းကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီး၏ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားကာ နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ခရီးစဉ်တွင်လိုက်ပါလာကြသည့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ဆရာတော်ကြီးအား နဝကမ္မစုပေါင်းအလှူတော်ငွေများနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျိုင်းယင်းကျောင်းတိုက်အတွင်း လှည့်လည်ကြည့်ရှု၍ ပြုပြင်ထိန်းသိမ်းရန်လိုအပ်သည်များကို ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# လူငယ်နှင့်စာဖတ်ခြင်း(စာကြည့်တိုက်ယဉ်ကျေးမှုအစ စာသင်ကျောင်းက)

## စာကြည့်တိုက်ဟူသည်

စာကြည့်တိုက်သည် စာအုပ်ပေါင်းများစွာတို့၏ နေအိမ်ဖြစ်၏။ စာအုပ်များစွာရှိရာနေရာဖြစ်၏။ မြန်မာအဘိဓာန်၌ စာကြည့်တိုက်ကို "ကြည့်ရှုလေ့လာရန်၊ ငှားရမ်းရန်စာအုပ်များ သိမ်းဆည်းထားရာ အဆောက်အအုံ"ဟု အနက်ဖွင့်သည်။ စာကြည့်တိုက်တွင် အကြောင်းအရာပေါင်းများစွာ၊ ပညာရပ်ပေါင်းများစွာပါရှိသော စာအုပ်စာစောင်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့သာမက စာအုပ်မဟုတ်သော အခြားလေ့လာစရာအရာများ စနစ်တကျစုစည်းထားသည်။ စာကြည့်တိုက်ကို အံ့ဩဖွယ်ရာအပေါင်းနှင့်ပြည့်လျှမ်းနေသောကမ္ဘာကြီးဟု ဆိုနိုင်၏။

စာလုံးဝမဖတ်သူသည် လက်ရှိဘဝတစ်ခုတည်းတွင်သာ ရှင်သန်သူဖြစ်ပြီး စာဖတ်သူကမူ သူမသေခင် ဘဝပေါင်းများစွာ ရှင်သန်ခွင့်ရသူဖြစ်သည်။ စာဖတ်ခြင်း၏အကျိုးကျေးဇူးကို အနောက်တိုင်းစာရေးဆရာ တစ်ဦးကထိုသို့ဆို၏။ **"သက်တမ်းတစ်ခုအတွင်း ဘဝပေါင်းများစွာသက်ဝင်လာခြင်းသည် အံ့ဖွယ်မဟုတ်ပါလော။ စာဖတ်ခြင်းဖြင့် ထိုအံ့ဖွယ်အဖြစ်သည် လက်တွေ့ဖြစ်လာသည်။ စာကြည့်တိုက်၌ စာအုပ်များရှိ၏။ ထို့ကြောင့် စာကြည့်တိုက်သည် အံ့ဩဖွယ်ရာကမ္ဘာ၊ လူတို့အတွက် အကောင်းဆုံးကမ္ဘာဖြစ်သည်။ အထူးသဖြင့် လူငယ်တို့အတွက်ဖြစ်၏။"**

စာကြည့်တိုက်ဟူသည် ပညာရှင်ဆိုသူများအတွက်သာမဟုတ်။ ပညာရှာသူ၊ ပညာရှိလိုသူ၊ တိုးတက်ကြီးပွားလိုသူ၊ ငြိမ်းချမ်းလိုသူ၊ အသိအမြင်ကြွယ်ဝလိုသူ၊ အကြားအမြင်ဗဟုသုတများလိုသူ၊ စိတ်အပန်းဖြေသူ၊ အချိန်ကို အကောင်းဆုံးအသုံးချသူ စသည့်သူတို့ကျင်လည်ရာအရပ်လည်းဖြစ်၏။ အသက်အရွယ်မရွေး၊ လူမျိုးဘာသာမရွေး၊ ကျား-မ မရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ဂုဏ်ရှိဂုဏ်မဲ့ ဩဇာရှိဩဇာမဲ့မရွေး အားလုံးအတွက်ဖြစ်၏။

## စာကြည့်တိုက်ယဉ်ကျေးမှု

လူမျိုးတစ်မျိုး လူ့အဖွဲ့အစည်းတစ်ခု၏ အတွေးအခေါ်၊ ခံယူချက်၊ အလေ့အထ၊ လူမှုရေးဆိုင်ရာ ပြုမူဆောင်ရွက်ပုံ၊ တန်ဖိုးထားမှုတို့ကို ထိုလူမျိုး၊ ထိုလူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုဟုဆိုကြသည်။ သို့ဆိုလျှင် "စာကြည့်တိုက် ယဉ်ကျေးမှု" ဆိုသည်မှာ စာကြည့်တိုက်အပေါ်ထားရှိသည့် ခံယူချက်၊ တန်ဖိုးထားမှု၊ စာဖတ်ခြင်းနှင့် စာကြည့်တိုက်ကို အပြည့်အဝအသုံးချမှုအလေ့အထ၊ စာကြည့်တိုက်များနှင့် စာကြည့်တိုက်ပညာ ထွန်းကားပြန့်ပွားအောင် လုပ်ဆောင်မှုဟု ဆိုနိုင်မည်။



စာကြည့်တိုက်များ ပိုမိုဖွင့်လာခြင်း၊ အစိုးရနှင့် အဖွဲ့အစည်းတို့ကသာမက စာကြည့်တိုက်တန်ဖိုး သိမြင်သူတို့ကပါ စာကြည့်တိုက်များဖွင့်လာခြင်း၊ စာအုပ်စာစောင်များ စနစ်တကျစုဆောင်းထိန်းသိမ်းထားခြင်း၊ အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် စီစဉ်ထားခြင်း၊ စာကြည့်တိုက်အသုံးပြုသူများလာစေရန်စီမံခြင်း၊ စာကြည့်တိုက်နေရာကို ပျော်မွေ့ဖွယ်ဖြစ်အောင်ခင်းကျင်းခြင်း၊ စာကြည့်တိုက်သို့လာရောက်ချင်အောင် ဆွဲဆောင်ခြင်း၊ စိတ်ဝင်တစားဖြစ်စေမည့် စာကြည့်တိုက်လှုပ်ရှားမှုများပြုလုပ်ခြင်း၊ စာကြည့်တိုက်ပညာပြန့်ပွားစေခြင်း၊ စာကြည့်တိုက်ဦးစီးဖွင့်လှစ်သူနှင့် စာကြည့်တိုက်အမှုကိစ္စတာဝန်ယူထမ်းဆောင်သူတို့အား ပံ့ပိုးကူညီခြင်း၊ စာဖတ်သည့်အလေ့အထ ထွန်းကားလာစေရန် နည်းလမ်းချမှတ်ဆောင်ရွက်ခြင်း စသည်တို့သည် စာကြည့်တိုက်ယဉ်ကျေးမှု၏ သွင်ပြင်လက္ခဏာဖြစ်ပေမည်။

စာကြည့်တိုက်များများရှိရန်လိုသည်။ စာကြည့်တိုက်အသုံးပြုသူများများရှိရမည်။ စာမြည်းသူ၊ စာရှာသူ၊ စာဖတ်သူ၊ စာငှားသူများဖြင့် စည်ကားနေစေရမည်။ စာအုပ်စာစောင်များ အလွယ်တကူရှာဖွေနိုင်ရေးအတွက် စာကြည့်တိုက်ပညာ အပြည့်ဖြင့် ဝန်ဆောင်မှုပေးသူကလည်း ပေးမည်။ ဤသို့ဖြင့် လူတို့အတွက် အထူးသဖြင့် တိုးတက်သောလူငယ်တို့အတွက်၊ တိုးတက်လိုသောလူငယ်တို့အတွက်၊ လူငယ်များတိုးတက်ရေးအတွက် စာကြည့်တိုက်များသည် မိတ်ဖက်ကောင်းကြီးပမာဖြစ်လာမည်။

## လူငယ်တိုင်းစာကြည့်တိုက်သို့ရောက်လာရေး

ယနေ့ခေတ်၌ လူငယ်တို့ စာဖတ်အားနည်းလာသည်။ အပြစ်မဆိုသာ။ စူးစမ်းလေ့လာချင်စိတ်ရှိသည့် လူငယ်တို့အတွက် သိလိုစိတ်ကိုဖြည့်ဆည်းပေးမည့်၊ ဖျော်ဖြေပေးမည့်၊ စိတ်အပန်းပြေစေမည့် ယုတ်စွအဆုံးအချိန်ဖြုန်းနိုင်မည့် နည်းလမ်းများစွာရှိလာသည်။ အင်တာနက်ဆက်သွယ်ရေးနည်းလမ်းတစ်ခုတည်းကပင် လူငယ်တို့၏သိလိုစိတ်ကို လွှမ်းမိုးထားသည်။ တစ်ကမ္ဘာလုံးကို ထိုင်ရာမထကြည့်နိုင်သည့် ကိရိယာတစ်ခုက စာအုပ်နှင့် စာဖတ်ခြင်းကို အလဲထိုးအနိုင်ယူသွားသည်။

စာမဖတ်တော့သည့်အတွက်၊ စာဖတ်သူနည်းသွားသည်။ စာဖတ်သူနည်းသည့်အတွက် စာကြည့်တိုက်များသို့လာရောက်သူ နည်းသွားသည်။ စာကြည့်တိုက်များ ပြန်လည်သက်ဝင်စည်ကားလာရေးအတွက် အခြေခံအကျဆုံးမှာ စာဖတ်သူများသည်ထက် များလာရေးဖြစ်၏။ အထူးသဖြင့် အနာဂတ်မျိုးဆက် လူငယ်များဖြစ်သည်။ လူငယ်တိုင်းစာဖတ်လာရေးအတွက် စာဖတ်သည့်အလေ့အထများ ထူထောင်ရမည်။ ထို့အတွက် လူငယ်များစုစည်းရာ စာသင်ကျောင်းများ၌ ကျောင်းသားလူငယ်မောင်မယ်တို့၌ စာဖတ်သည့်အလေ့အထရှိလာစေရန် အဓိကထား လုပ်ဆောင်သင့်သည်။

## စာဖတ်အလေ့အထ အားကောင်းစေရေး

စာဖတ်ခြင်းသည် ပညာသင်ဘဝနှင့် သက်မွေးလုပ်ငန်းဘဝ အောင်မြင်ရေးအတွက် အခြေခံအကျဆုံး အကျင့်တစ်ခုဖြစ်သည်။ စာဖတ်ခြင်းသည် တီထွင်ဖန်တီးမှု၊ အသိအမြင်ကြွယ်ဝမှုနှင့် စိတ်ဓာတ်မြင့်မားမှုတို့ရရှိစေပြီး ယင်းမှာ ကျောင်းသားလူငယ်တို့အတွက် အဖိုးတန်အရည်အသွေးများဖြစ်သည်။ စာဖတ်ခြင်းသည် ပညာသင်ကြားရေး၏ ကျောရိုးလည်းဖြစ်သည်။ သို့သော် ယနေ့လူငယ်တို့သည် ဆိုရှယ်မီဒီယာသုံးခြင်း၊ ဗီဒီယိုဂိမ်းကစားခြင်း၊ တီဗီကြည့်ခြင်းတို့ကို စာအုပ်တစ်အုပ်ဖတ်ခြင်းထက် ပို၍ခုံမင်နှစ်သက်လာနေကြသည်။ ယနေ့ခေတ် လူကြီးမိဘတို့ကလည်း မိမိတို့သားသမီးများ စာဖတ်သည့်အလေ့အထ အားကောင်းလာစေရေးအပေါ် အလေးအနက်ထား ထိန်းကျောင်းပဲ့ပြင်မှု အားနည်းချက်လည်း ပါဝင်သည်။

ပညာရပ်တစ်ခု ကျွမ်းကျင်လာစေရန် အချိန်လိုအပ်သည်။ ထိုအတူ စာဖတ်သည့်အလေ့အထအားကောင်းလာစေရေး အတွက် အချိန်ပေးအလေးထားလုပ်ဆောင်ရန်လိုသည်။ စာဖတ်ခြင်းအမှုကို ခုံမင်နှစ်သက်လာစေရေးအတွက် လုပ်ဆောင်ရာ၌ အခက်အခဲရှိကောင်းရှိမည်။ သို့သော် နည်းမှန်လမ်းမှန်ဖြင့် လုပ်ဆောင်လျှင် ကျောင်းသားလူငယ်တို့ စာဖတ်ဝါသနာပါသူ တစ်ဦးအဖြစ်သို့ ရောက်ရှိစေနိုင်သည်။ လူငယ်တစ်ဦး စာဖတ်သည့်အလေ့အထ အားကောင်းလာစေရေး ထိန်းကျောင်းပဲ့ပြင်ရာ၌ သော့ချက်မှာ ငယ်နုစဉ်အချိန်ကပင် စာဖတ်လာစေရေး လှုံ့ဆော်ပေးခြင်းဖြစ်၏။

ထို့ကြောင့် မူလတန်းအဆင့်ကျောင်းများ၌ မူလတန်းအဆင့်ကလေးများနှင့် ကိုက်ညီသည့် ကလေးစာကြည့်တိုက်တစ်ခု စီတည်ထောင်သင့်သည်။ သူတို့အတွက် စာအုပ်များရှိသည့် စာကြည့်တိုက်လေးတစ်ခုရှိကြောင်း ငယ်နုစဉ်ကပင်အသိဝင်စေသင့်၏။ ဆရာ၊ ဆရာမများက ကလေးများကိုစာဖတ်ပြခြင်း၊ စာကြည့်တိုက်ဝင်ချိန်တစ်ချိန်သတ်မှတ်ပေးခြင်း စသည့်နည်းလမ်းများဖြင့်လည်း အသိဝင်စေနိုင်သည်။

အလယ်တန်း၊ အထက်တန်းတို့၌လည်း ထိုအဆင့် ကျောင်းသားလူငယ်တို့နှင့် ကိုက်ညီသည့် စာအုပ်စာစောင်များ ထားပေးခြင်း၊ စာကြည့်တိုက်ထားပေးခြင်း၊ စာကြည့်တိုက်ကော်မတီကို ကျောင်းသား၊ ကျောင်းသူတို့ဖြင့် ဖွဲ့စည်းပေးခြင်း၊ စာကြည့်တိုက်သက်ဝင်စေရေး ဆွေးနွေးတိုင်ပင်ခြင်း၊ စကားဝိုင်းလုပ်ခြင်းများ စီစဉ်ပေးသင့်သည်။

## ကျောင်းစာကြည့်တိုက်များ သက်ဝင်လာစေရေး

တွေးကြည့်ပါ။ စာအုပ်စင်ကြီးတစ်ခုရှေ့ ကြမ်းပြင်၌ ဆရာတစ်ဦးထိုင်နေ၏။ လက်ထဲ၌ စာအုပ်တစ်အုပ်ကိုင်၍ ဖတ်ပြနေသည်။ သူ့အနားတွင် ဆရာဖတ်ပြနေသည်ကို နားထောင်နေသောကလေးများဝိုင်းလျက်။ သူတို့လေးတွေ၏ မျက်နှာပေါ်တွင် အံ့ဩစိတ်၊ သိလိုစိတ်၊ စူးစမ်းလိုစိတ်တို့ကအပြည့်။ သေချာပါသည်။ ထိုကလေးများသည် ဆရာမှီထိုင်နေသော စာအုပ်စင်ကြီးကို မွှေနှောက်ရှာဖွေကာ ဆရာပျိုးထောင်ပေးလိုက်သော သိလိုစိတ်နှင့်စာဖတ်ကျင့်ကို ဆက်လက်တိုးချဲ့သူများ မလွဲဧကန်ဖြစ်လာပေတော့မည်။

ထို့ကြောင့် ငယ်ရွယ်နုနယ်သူတို့စုဝေးရာ စာသင်ကျောင်းများသည် စာဖတ်ဝါသနာပျိုးထောင်ရေး၊ ယင်းမှတစ်ဆင့် စာကြည့်တိုက်အသုံးပြုမှု အလေ့အထရှိလာရေးတို့ လုပ်ဆောင်နိုင်သည်။ စာသင်ကျောင်းများ၌ စာကြည့်တိုက်များရှိပါလိမ့်မည်။ သို့သော် ရှိရုံမည်ကာမတ္တမဟုတ်ဘဲ လှုပ်ရှားမှုအားကောင်းကောင်းဖြင့် သက်ဝင်လာစေရန် လိုအပ်သည်။ ထို့အတွက် စာကြည့်တိုက်ပညာရှင်များနှင့် ကျောင်းတာဝန်ရှိသူများပူးပေါင်း၍ ရေတိုရေရှည်နည်းလမ်းများ ချမှတ်ဆောင်ရွက်သင့်ကြောင်း တင်ပြလိုက်ရပါသည်။ ။

**စာဖတ်ခြင်းသည် ပညာသင်ဘဝနှင့်သက်မွေးလုပ်ငန်းဘဝအောင်မြင်ရေးအတွက် အခြေခံအကျဆုံးအကျင့်တစ်ခုဖြစ်သည်။ စာဖတ်ခြင်းသည် တီထွင်ဖန်တီးမှု၊ အသိအမြင်ကြွယ်ဝမှုနှင့် စိတ်ဓာတ်မြင့်မားမှုတို့ရရှိစေပြီး ယင်းမှာ ကျောင်းသားလူငယ်တို့အတွက် အဖိုးတန်အရည်အသွေးများဖြစ်သည်။ စာဖတ်ခြင်းသည် ပညာသင်ကြားရေး၏ ကျောရိုးလည်းဖြစ်သည်။**

မြင့်မောင်
(Phil-Q)

# ပြည်သူ့အကျိုးပြု တောင်သူ့အထူးပြု မြေပဲသွင်းအားစု

ဘရဏီမောင်

ပြည်တွင်း၌ မြေပဲ၊ နှမ်း၊ နေကြာ၊ ဝါ စေ့ဆီများကို အသုံးပြုလေ့ရှိရာ ယခုနောက်ပိုင်းတွင် စားအုန်းဆီအစား မြေပဲဆီကို ပိုမိုစားသုံးလာကြသည်။ မြေပဲကို ဆီကြိတ်ခွဲ၍ ဆီအဖြစ်စားသုံးခြင်းနှင့် မြေပဲကိုလှော်၍လည်းကောင်း၊ ပြုတ်၍လည်းကောင်း စားသုံးနိုင်ပြီး အခြား မုန့်ပဲသရေစာများပြုလုပ်ရာတွင်လည်း အသုံးပြုကြသည်။ မြေပဲဆီအဖြစ် ကြိတ်ခွဲရာတွင် မြေပဲအခွံပါ တစ်တင်းကို ဆီကြိတ်လျှင် မြေပဲဆီနှစ်ပိဿာခန့် ထွက်ရှိပြီး မြေပဲဆန် ပိဿာ ၁၀၀ ကြိတ်ခွဲလျှင် ဆီ ပိဿာ ၄၀ ထွက်ရှိသည်ဟုသိရသည်။ ဆီကြိတ်ပြီးထွက်ရှိသော မြေပဲဖတ်များကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုကြသည်။ မြေပဲကြိတ်ဖတ်သည် အခြားဆီကြိတ်ဖတ်များထက် နိုက်ထရိုဂျင်ဓာတ်ပိုမိုပါဝင်သည်ဟု သိရသည်။

မြေပဲကို ကျွန်းနှင့်ကုန်းမြေပဲဟူ၍ စိုက်ပျိုးလေ့ရှိပြီး နေပြည်တော်တပ်ကုန်း၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံ၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် စသည့်ဒေသတို့၌ စိုက်ပျိုးလေ့ရှိသည့်မြေပဲများကို ကုန်းမြေပဲများဟုခေါ်ပြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်နှင့် ဗန်းမော်၊ ကသာစသည့်ဒေသတို့၌ စိုက်ပျိုးသည့်မြေပဲများကို ကျွန်းမြေပဲဟုခေါ်ကြောင်း သိရသည်။

**မြေပဲစတင်စိုက်ပျိုးသည့်ဒေသ**

မြေပဲကို တောင်အမေရိကတိုက်ရှိ ဘရာဇီးမှတစ်ဆင့် အာဖရိကတီးနား၊ မြောက်အမေရိကမှတစ်ဆင့် ကမ္ဘာအနှံ့သို့ပျံ့နှံ့ရောက်ရှိလာခဲ့ကြောင်း သိရသည်။ မြေပဲသီးနှံကို ၁၈၈၅ ခုနှစ်ခန့်က အိန္ဒိယမှတစ်ဆင့် မကွေးတိုင်းသို့ ရောက်ရှိလာခဲ့သည်။ မကွေးတိုင်းဒေသကြီးမှတစ်ဆင့် မြန်မာနိုင်ငံအနှံ့အပြားသို့ ရောက်ရှိခဲ့ပြီး အလယ်ပိုင်းနှင့်အောက်ပိုင်းဒေသများတွင် ပိုမိုစိုက်ပျိုး၍ အောင်မြင်ကြသည်။

**မြေပဲအသုံးဝင်ပုံ**

မြေပဲသီးနှံကို စားသုံးဆီအတွက် အများဆုံးစိုက်ပျိုးထုတ်လုပ်ကြသည်။ သို့ရာတွင် အချို့မှာမူ သရေစာအဖြစ်ဖြင့် မြေပဲစေ့အတိုင်း စားသုံးကြသည်။ အနောက်နိုင်ငံများတွင် မြေပဲထောပတ် (ခေါ်) မြေပဲဆီမှ ပြုလုပ်သောထောပတ်ကို ဟင်းချက်ရာတွင် အသုံးပြုကြသည်။ ပြည်တွင်း၌လည်း မြေပဲဆန်ဖြင့် စားသောက်ကုန်မျိုးစုံအသုံးပြုပြီး ထုတ်လုပ်လျက်ရှိသည့်အပြင် မြေပဲပင်မှ ထွက်ရှိသော အမှော်၊ အရွက်၊ အရိုး၊ အမြစ်၊ အခွံများကိုလည်း စိုက်ခင်းသုံးသွင်းအားစုဓာတ်မြေဩဇာနှင့် တိရစ္ဆာန်အစားအစာအဖြစ် အသုံးပြုကြသည်။ မြေပဲဆီသည် လူသားတိုင်းအတွက် ကောင်းကျိုးများစွာပေးနိုင်သော ကျန်းမာရေးဆေးဖက်ဝင်ဟင်းသီးဟင်းရွက်ဆီတစ်မျိုးဖြစ်သည်။



ယခုအချိန်တွင် စားသုံးသူများသည် ကျန်းမာရေးအဆင့်အတန်းမြင့်မားလာပြီး လူ့ဘဝသက်တမ်းရှေ့နေနိုင်ရေးအတွက် ရောဆီ၊ စားအုန်းဆီများအစား မြေပဲဆီကိုအစားထိုး၍ တွင်တွင်ကျယ်ကျယ်သုံးစွဲလျက်ရှိ၍ မြေပဲသီးနှံကို ပြည်တွင်း၌ အမြောက်အမြားစိုက်ပျိုးကြသည်။ မြန်မာတို့ မီးဖိုချောင်တွင် အခြေခံစားကုန်အဖြစ် စားသုံးဆီကို ဒုတိယနေရာတွင် သုံးစွဲလျက်ရှိသည်။ မြေပဲတွင် ပရိုတင်း၊ ကာဗိုဟိုက်ဒရိတ်နှင့် အဆီများစွာပါဝင်သဖြင့် အစားအစာများတွင် ထည့်သွင်းသုံးစွဲနိုင်သော အဖိုးတန်သီးနှံမြေပဲဖြစ်သည်။

မြေပဲပင်သည် အထူးမိုးခေါင်ခံသောသီးနှံဖြစ်၍ မြန်မာနိုင်ငံ အပူပိုင်းဒေသများတွင် အထူးတလည် စိုက်ပျိုးသောကြောင့် ကောင်းမွန်သည်။ ထို့ကြောင့် မိုးနည်းပါးသောဒေသများ၌ မြေပဲကိုအမြောက်အမြား စိုက်ပျိုးကြသည်။ မြေပဲသီးနှံအများဆုံးစိုက်ပျိုးရာအရပ်ဒေသများမှာ မြန်မာနိုင်ငံအလယ်ပိုင်း၊ မိုးနည်းရပ်ဝန်းဒေသများဖြစ်သော မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများအပြားစိုက်ပျိုးကြသည်။ မြေပဲကို ရေဝပ်နုန်းစေးမြေအမျိုးအစားတွင်စိုက်ပျိုးပါက မဖြစ်ထွန်းပါ။ နုန်းမြေနှင့် သဲနုန်းမြေတို့တွင် စိုက်ပျိုးရန်အသင့်တော်ဆုံးဖြစ်သည်။ မြေပဲသီးနှံစိုက်ပျိုးရာတွင် ရာသီနှင့်ဒေသအလိုက် တစ်ဧကအထွက်နှုန်းမှာ ကွဲပြားခြားနားမှုရှိသည်။ မြေပဲမျိုးရွေးချယ်စိုက်ပျိုးရာတွင် ဆင်းပဒေသာ(၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀)နှင့် မကွေး (၁၁/၁၅)မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးကြသည်။

**မြေပဲအမျိုးအစားနှင့်သက်တမ်းကာလ**

မြန်မာနိုင်ငံတွင် မြေပဲကို ပင်ထောင်နှင့်ပင်ပြန့်ဟူ၍ နှစ်မျိုးစိုက်ပျိုးကြပြီး ပင်ပြန့်မြေပဲ၏အသက်မှာ ခြောက်လမှ ခုနစ်လခန့်ရှိပြီး မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားဒေသများတွင် အကြီးအကျယ်စိုက်ပျိုးကြသည်။ ပင်ထောင်မြေပဲမှာ သက်တမ်းသုံးလမှ သုံးလခွဲခန့်ရှိပြီး မိုးအခါ၌လည်းကောင်း၊ ဆောင်းအခါ၌လည်းကောင်း စိုက်ပျိုးနိုင်ပြီး အထူးသဖြင့် ဆောင်းရာသီတွင် မြစ်ရေဝင်ကိုင်းကျွန်းမြေများတွင် အများဆုံးစိုက်ပျိုးကြသည်။ မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင်လည်း မြေပဲသီးနှံကို မိုးနှင့်ဆောင်းနှစ်ရာသီ နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ တောင်သူများအတွက် စိုက်ပျိုးရလွယ်ကူပြီး အထွက်နှုန်းကောင်း၍ ဈေးကောင်းရှိသောဆောင်းသီးနှံ မြေပဲကို အများအပြားစိုက်ပျိုးကြသည်။ မြေပဲသီးနှံကို စိုက်ပျိုးရာတွင် ဒေသ၊ ရေမြေရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များကိုအသုံးပြု၍ နည်းစနစ်မှန်ကန်စွာစိုက်ပျိုးရမည်ဖြစ်သည်။ ထိုသို့ စိုက်ပျိုးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့်လည်း တောင်သူပညာပေးလုပ်ငန်းများကို စိုက်ကွင်းများအရောက်နည်းပညာဝန်ဆောင်မှုများ ပေးလျက်ရှိသည်။ မိမိတို့နိုင်ငံသည် နှစ်စဉ်ပြည်ပမှစားသုံးဆီများတင်သွင်းနေရသဖြင့် ပြည်တွင်းဆီထွက်သီးနှံထွက်ရှိမှု လုံလောက်စေရန်အတွက် တောင်သူများအနေဖြင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီမုန်ညင်း၊ ပန်းနှမ်းနှင့် ဆီအုန်းသီးနှံများ သတ်မှတ်ထားသော ပန်းတိုင်အထွက်နှုန်းတိုးတက်စေရေးကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပေသည်။

ဆီစားသုံးသူ ပြည်သူများအနေဖြင့်လည်း မိမိတို့၏ဝင်ငွေနှင့်ကျန်းမာရေးကို အထောက်အကူဖြစ်စေသည့် ဆီအမျိုးအစားကိုသာ ရွေးချယ်သင့်ပေသည်။ ဆီ၏အဓိကတာဝန်မှာ ကိုယ်ခန္ဓာအတွက်စွမ်းအင်ပေးခြင်းဖြစ်သည်။ နေ့စဉ်စားသုံးနေကြသည့် အစားအသောက်များတွင် ပြည့်ဝဆီ ( Saturated fat)၊ မပြည့်ဝဆီ (Unsaturated fat) နှင့် Trans fat(အသွင်ပြောင်းဆီ) ဟူ၍သုံးမျိုးရှိသည်။ ပြည့်ဝဆီ (Saturated fat)ကို အသားအမျိုးမျိုးမှရရှိပြီး မပြည့်ဝဆီ(Unsaturated fat)ကို ဟင်းသီးဟင်းရွက်များမှ ရရှိနိုင်သည်။ Transfat (အသွင်ပြောင်းဆီ)များကိုမူ ထုပ်ပိုးထားသော အသင့်စားအစားအသောက်များမှ ရရှိသည်။ အဆိုပါဆီသုံးမျိုးတွင် မပြည့်ဝဆီ (Unsaturated fat) များသည် ကျန်းမာရေးအတွက် အမှန်တကယ် အကျိုးပြုသောအဆီတစ်ခုဖြစ်သည်။ မပြည့်ဝဆီ (Unsaturated fat)သည် မိမိတို့ကျန်းမာရေးကို အကျိုးပြုသည်ဖြစ်ရာ ကိုယ်ခန္ဓာအတွင်း အကျိုးမပြုသည့် Low Density Lipoprotein (LDL) ကိုလက်စထရောကို လျှော့ချပေးသည်။ သုတေသနတွေ့ရှိချက်များအနေဖြင့် မြန်မာနိုင်ငံရှိ ဈေးကွက်များမှရရှိနိုင်သည့် စားသုံးဆီအမျိုးမျိုးတွင် ပါဝင်သော ကိုလက်စထရောပမာဏများမှာ

- စားအုန်းဆီ - ၁၂၁၉. ၂ mg/ l
- ပဲပိစပ်ဆီ - ၁၀၃၅ . ၄ mg/ l
- နေကြာဆီ - ၁၂၉၄ . ၆ mg/ l
- နှမ်းဆီ - ၁၈၇၅ . ၄ mg/ l
- မြေပဲဆီ - ၁၃၂၁ . ၂ mg/l

တို့ဖြစ်သည်။

ထို့ကြောင့် မြေပဲဆီသည် ကျန်းမာရေးနှင့်ညီညွတ်သောဆီဟုဆိုနိုင်ပေသည်။ မြေပဲသီးနှံသည် ပြည်တွင်းသုံးစွဲမှုသာမက ပြည်ပပို့ကုန်အဖြစ် ကုန်သွယ်မှုပြုလုပ်၍ နိုင်ငံတော်အတွက် ပြည်ပဝင်ငွေရရှိသောသီးနှံများထဲတွင် တစ်မျိုးအပါအဝင်ဖြစ်သည်။ ပြည်တွင်း၌ စားသုံးသူများပြားပြီး စိုက်ပျိုးထုတ်လုပ်သည့်စိုက်ဧကနည်းပါး၍ စားသုံးဆီကို စားသုံးမှုလိုအပ်ချက်အရ ပြည်ပနိုင်ငံများက ဝယ်ယူသုံးစွဲရခြင်းဖြစ်ပါ၍ ပြည်တွင်းဈေးကွက်တွင် ဈေးကွက်ခိုင်မာမှုရှိပြီး ဈေးကောင်းရရှိနေသည့် ဆီထွက်သီးနှံမြေပဲကိုစိုက်ပျိုး၍ ရရှိသည့်မြေများတွင် နှစ်စဉ်တိုးချဲ့စိုက်ပျိုးစေလိုကြောင်း တိုက်တွန်းရေးသား လိုက်ရပေသည်။ ။


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



ပညာရေးဝန်ကြီးဌာန

ပညာ

၂၀၂၄-၂၀၂၅ ပညာသင်နှစ်

“ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့”

ကျောင်းအပ်နှံရေးသီတင်းပတ်

၂၀၂၄ ခုနှစ်၊ မေလ (၂၃) ရက်နေ့မှ ဇွန်လ (၂) ရက်နေ့ထိ

ရန်ကုန် မေ ၁၂

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများတွင် ဘုရားသမိုင်းနှင့်ဘုရားဖူးလမ်းညွှန်များ တပ်ဆင်မည့်အခြေအနေရှင်းလင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများတွင် ဘုရားသမိုင်းနှင့်ဘုရားဖူးလမ်းညွှန်(Pagoda Digital Directory) များတပ်ဆင်မည့်အခြေအနေ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များနှင့် ဆရာ၊ ဆရာမများ၊ ဘုရားစေတီအသီးသီးမှ ဂေါပကအဖွဲ့ဝင်များ၊ သာသနာနုဂ္ဂဟဘွဲ့ရပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က နိုင်ငံတော်အကြီးအကဲက မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရား၊ စေတီ၊ ပုထိုးများတွင် Pagoda Digital Directory ပြုလုပ်၍ အများပြည်သူများကြည်ညိုလေ့လာနိုင်ရေးအတွက် ပြသထားရှိရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ အဆိုပါလမ်းညွှန်မှာကြားချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပထမအဆင့်အနေဖြင့် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်၊ ကျိုက်ထိုမြို့ ကျိုက်ထီးရိုးစေတီတော်၊ ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်နှင့် ပုဂံအာနန္ဒာဘုရား၊ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၊ မကွေးမြို့ မြသလွန်ဘုရား၊ ပြည်မြို့ ရွှေဆံတော်ဘုရားနှင့် မြောက်ဦးမြို့ သျှစ်သောင်းဘုရားကိုးဆူကို စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မေတ္တာရပ်ခံချက်အရ ပဲခူးမြို့ ရွှေမော်ဓောဘုရားပါ ထပ်မံထည့်သွင်းဆောင်ရွက်ခဲ့ပြီး စုစုပေါင်းအထင်ကရဘုရား ၁၀ ဆူတို့အား Pagoda Digital Directory အဖြစ် ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဘုရား ၁၀ ဆူနှင့်ပတ်သက်၍ လေ့လာကြည့်ရှုနိုင်အောင် Online နှင့် Offline ပါ ဆောင်ရွက်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံရှိ အထင်ကရဘုရားများသာမက ထူးခြားသည့်ဒေသဆိုင်ရာစေတီပုထိုးများအား Pagoda Digital Directory အဖြစ် Website တွင် ပြသနိုင်ရေးအတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(ပြည်၊ မကွေး၊ တောင်ငူ၊ သထုံ) တို့ပူးပေါင်း၍ Pagoda Digital Directory Web Portal လွှင့်တင်နိုင်ရေး စတင်စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း၊ Portal ရေးဆွဲပြီးပါက ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ လွှဲပြောင်းပေးအပ်မည်ဖြစ်ပါကြောင်း၊ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က Web Portal နှင့်ပတ်သက်၍ နှစ်စဉ်ကြေးများအပါအဝင် ကုန်ကျစရိတ်အားလုံးကို နှစ်ရှည်ကျခံပေးသွားမည်ဖြစ်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် ပြည်နယ်/တိုင်းဒေသကြီး ၁၄ ခုရှိ ထင်ရှားသောဘုရားစေတီပုထိုးများကိုလည်းကောင်း၊ တတိယအဆင့်အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သမိုင်းဝင်ထင်ရှားသောဘုရားများအတွက်ပါ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တန်ခိုးကြီးဘုရားစေတီများဖြစ်သည့်ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ ရွှေစည်းခုံစေတီတော်၊ အာနန္ဒာဘုရား၊ ကျိုက်ထီးရိုးစေတီတော်၊ ရွှေမော်ဓောဘုရား၊ သျှစ်သောင်းဘုရား၊ ရွှေဆံတော်ဘုရား၊ ဥပ္ပါတသန္တိစေတီတော်၊ မြသလွန်ဘုရားတို့အား တစ်ဆူချင်းစီအလိုက် internet စာမျက်နှာတွင် ကြည့်ရှုနိုင်ပြီဖြစ်၍ ဘုရားအားလုံးကို တစ်နေရာတည်းတွင် တစုတစည်းတည်းကြည့်ရှုရန်အတွက် Pagoda Digital Directory Portal (www.pagodadirectory.gov.mm)ကို အင်တာနက်စာမျက်နှာထက်တွင် လွှင့်တင်ထားရှိပြီးဖြစ်ပါကြောင်း၊ ထပ်မံဖြည့်သွင်းဆောင်ရွက်လိုသည့် ဘုရားများကိုလည်း တစ်ဆင့်ချင်း ထပ်မံထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့်ဂေါပကအဖွဲ့များအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားသည်။

ယင်းနောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးလှမြင့်က ဘုရားစေတီများတွင် ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန်(Pagoda Digital Directory)များတပ်ဆင်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြကာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က နိဂုံးချုပ်စကားပြောကြားကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် မေ ၁၂

# ပျဉ်းမနားမြို့နယ်အရှေ့ခြမ်း တောင်ပေါ်ဒေသရှိကျေးရွာများသို့ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းဆောင်ရွက်

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီအတွင်းရေးမှူး၊ ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ်အရှေ့ခြမ်း တောင်ပေါ်ဒေသရှိ မဲပေါက်ကျေးရွာအုပ်စု ဂမုန်းတောင်ကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နေပြည်တော်ကို Green City၊ Clean City၊ Smart City အဖြစ်ဆောင်ရွက်လျက်ရှိရာ အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း၊ ကျောင်းအပ်နှံရေးအတွက် ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းအပ်နှံနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်ပမှ စားသုံးဆီများတင်သွင်းနေရသဖြင့် ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်းပြည့်ဝစွာစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် သီးထပ်စွမ်းအားများတိုးတက်အောင် စနစ်တကျဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းစည်းလုံးလုံးညီညီညွတ်ညွတ် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့ကျေးရွာများအတွင်း ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကိုဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဒူးရင်း၊ ကော်ဖီ၊ ကြက်မောက်ပျိုးပင်များ၊ စပါး၊ ပြောင်း၊ နေကြာ၊ နှမ်းမျိုးစေ့များ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ စားသောက်ကုန်ပစ္စည်းများနှင့် ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ထောက်ပံ့ပေးအပ်ကြရာ ကျေးရွာပြည်သူများက လက်ခံရယူကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဂမုန်းတောင်ကျေးရွာရှိ ရတနာစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်များပေးအပ်လှူဒါန်း၍ ကျေးလက်ကျန်းမာရေးဌာနသို့သွားရောက်၍လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် အထက်ပေါင်းလောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသို့ သွားရောက်ပြီး စက်ရုံအတွင်း ဓာတ်အားထုတ်လုပ်နေမှုနှင့် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဒုတိယအင်ဂျင်နီယာချုပ်၊ စက်ရုံမှူးနှင့် တာဝန်ရှိသူများက စက်ရုံအတွင်းဓာတ်အားထုတ်လုပ်မှုနှင့် ရေဝင်ရောက်မှုအခြေအနေ၊ ဓာတ်အားဖြန့်ဝေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက တမံကြံ့ခိုင်ရေး၊ ရေရှည်ခိုင်ခံ့စေရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဂရုပြုဆောင်ရွက်ကြစေလိုကြောင်းပြောကြားကာ ဝန်ထမ်းများအတွက် စားသောက်ကုန်ပစ္စည်းများ ပေးအပ်သည်။

ထိုမှတစ်ဆင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပြည်ထောင်ကိုးကျေးရွာအုပ်စု ပြဒါးချောင်းကျေးရွာသို့သွားရောက်၍ ရွာဦးဘုန်းတော်ကြီးကျောင်းဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရွာဦးဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆွေးနွေးပြောကြားကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဒူးရင်း၊ ကော်ဖီ၊ ကြက်မောက် စသည့်ပျိုးပင်များ၊ စပါး၊ ပြောင်း၊ နေကြာ၊ နှမ်းမျိုးစေ့များ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ စားသောက်ကုန်ပစ္စည်းများနှင့် ကျေးရွာစာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များကို ထောက်ပံ့ပေးအပ်ကြရာ ကျေးရွာပြည်သူများက လက်ခံရယူကြသည်။

ထို့နောက် ဌာနဆိုင်ရာများက စပါးအပါအဝင် သီးနှံများပန်းတိုင်အထွက်နှုန်းထွက်ရှိရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံနိုင်ရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြီး နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြင့်မားရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများက ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ နေပြည်တော်ကုသရေးဦးစီးဌာနမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

❖ သမိုင်းမှတ်တမ်းအထောက်အထားများ ယခုထက်ပိုမိုပြည့်စုံစွာရရှိနိုင်ရေး၊ ရှိပြီးဖြစ်သည့် ရှေးဟောင်းအသုံးအဆောင်ပစ္စည်းများ ပျက်စီးမှုမရှိစေရေးအတွက် စနစ်တကျထိန်းသိမ်းပြီး လိုအပ်ပါကမှန်များကာရံ၍ ရေရှည်တည်တံ့ခိုင်မြဲရေးဆောင်ရွက်သွားရန်နှင့် မပျောက်ပျက်အောင် အဆင့်ဆင့်လက်ဆင့်ကမ်းထိန်းသိမ်း. . .



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် ကျိုင်းတုံနယ်ရှင် စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလှဲန်၏ ဟော်နန်းပုံစံတူပြတိုက်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်ကမ္ဗည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် ကျိုင်းတုံနယ်ရှင် စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလှဲန်၏ ဟော်နန်းပုံစံတူ ပြတိုက်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ကမ္ဗည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဘင်ခရာတီးဝိုင်းနှင့် ပန်းဖွားအကအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ကျိုင်းတုံဟော်နန်းပုံစံတူပြတိုက် ဆောက်လုပ်ရေးတာဝန်ယူဆောင်ရွက်ခဲ့သည့် တာဝန်ရှိသူများကို ချီးမြှင့်ငွေများပေးအပ်စဉ်။

☆ **ရှေ့ဖုံးမှအဆက်**

ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကျိုင်းတုံနယ်ရှင်စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလှဲန်၏ ဆွေတော်မျိုးတော်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ ကျိုင်းတုံနယ်ရှင်စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလှဲန်၏ ဆွေတော်မျိုးတော်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ကျောင်းသား၊ ကျောင်းသူများက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ကျိုင်းတုံဟော်နန်းဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းအား အခမ်းအနားမှူးက ရှင်းလင်းတင်ပြသည်။ ယင်းနောက် မြို့မိ၊ မြို့ဖ ဦးစိုင်းရီတစ်ပဝုန်းက လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက ပျောက်ဆုံးသွားခဲ့သည့် ကျိုင်းတုံဟော်နန်းပုံစံတူပြတိုက်အား ပြန်လည်တွေ့မြင်ရသဖြင့် ယနေ့သည် ကျိုင်းတုံမြို့အတွက် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည့်နေ့ကောင်းနေ့မြတ်တစ်ရက်ပင်ဖြစ်ပါကြောင်း၊ မိမိတို့ကျိုင်းတုံဒေသခံပြည်သူလူထုတို့အနေဖြင့် ကျိုင်းတုံဟော်နန်းပုံစံတူပြတိုက်အား ပြန်လည်တည်ဆောက်နိုင်ရေးအတွက် နှစ်အဆက်ဆက်ကြိုးပမ်းခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် တည်ဆောက်နိုင်ခြင်းမရှိခဲ့ပါကြောင်း၊ ယခုကဲ့သို့ကျိုင်းတုံနယ်ရှင်စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလှဲန်၏ ဟော်နန်းပုံစံတူပြတိုက်ကြီးကို အကောင်အထည်ဖော်တည်ဆောက်ပေးနိုင်ရေးလမ်းညွှန်မှုပြုခဲ့သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိတို့ဒေသခံများအနေဖြင့် ကျိုင်းတုံဟော်နန်းပုံစံတူပြတိုက်ကြီး ပြန်လည်ဖော်ဆောင်လာနိုင်ခဲ့သည့်အတွက် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာပီတိဖြစ်ရပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် ကျိုင်းတုံနယ်ရှင် စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလှဲန်၏ ဟော်နန်းပုံစံတူပြတိုက်ကို ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာ ဒေါ်ရင်ရင်နွယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် ကျိုင်းတုံနယ်ရှင် စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလှဲန်၏ဟော်နန်းပုံစံတူပြတိုက်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ကမ္ဗည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဇင်းနောက် ကျိုင်းတုံနယ်ရှင်စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလှဲန်၏ ဆွေတော်မျိုးတော်များနှင့် မြို့မိ၊ မြို့ဖများက ကမ္ဗည်းမော်ကွန်းအား အမွှေးနံ့သာရည်များပက်ဖျန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘင်ခရာတီးဝိုင်းနှင့် ပန်းဖွားအကအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ကျိုင်းတုံဟော်နန်းပုံစံတူပြတိုက် **စာမျက်နှာ ၁၁ သို့** ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် ကျိုင်းတုံနယ်ရှင် စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလှဲန်၏ ဟော်နန်းပုံစံတူပြတိုက်ဖွင့်ပွဲအခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံဟော်နန်းပုံစံတူပြတိုက်အတွင်း၌ ခင်းကျင်းပြသထားမှုများကို စော်ဘွားကြီး၏ ဆွေတော်မျိုးတော်များနှင့်အတူ စိတ်ဝင်တစားလိုက်လံကြည့်ရှုစဉ်။



မြို့မိ၊ မြို့ဖ ဦးစိုင်းရီတစ်ပဝုန်းက ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားစဉ်။



ကျိုင်းတုံနယ်ရှင် စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလှဲန်၏ ဆွေတော်မျိုးတော်များနှင့် မြို့မိ၊ မြို့ဖများက ကမ္ဗည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW May 12

# SAC Chairman Prime Minister Senior General Min Aung Hlaing attends inauguration of newly-built Haw Palace of Kengtung Saopha Sao Kawng Kiao Intaleng



Senior General Min Aung Hlaing and Daw Kyu Kyu Hla offer alms to the Sayadaw.

A ceremony to inaugurate the already-built museum which is a replica of Haw Palace of Kengtung Saopha Sao Kawng Kiao Intaleng took place at the land of Haw Palace in Haw Palace Park on Nawngtong lake circular road in Ward 5 of Kengtung, Shan State (East) this morning, with attendance of Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing.

Also present at the ceremony were Daw Kyu Kyu Hla, wife of the Senior General, SAC Joint Secretary Lt-Gen Ye Win Oo and his wife, council members and their wives, Union ministers and their wives, the Shan State Chief Minister and his wife, senior military officers from the Office of the Commander-in-Chief and their wives, the commander of Triangle Region command, relatives of Kengtung Saopha Sao Kawng Kiao Intaleng, departmental officials, town elders, resident people, national race cultural troupes and students.

On arrival at the venue where the ceremony would be held, the Senior General, his wife and officials were warmly welcomed by relatives of Kengtung Saopha Sao Kawng Kiao Intaleng, town elders and local people, national race cultural troupes and students.

At the ceremony, the master of ceremonies explained emergence of the Haw Palace. Town elder U Sai Yi Tip Pawong said that it is an auspicious day for Kengtung for seeing Kengtung Haw Palace Replica Museum which was lost for many years. People of Kengtung have been striving for rebuilding the museum in successive eras but missions failed. So, he expressed thanks and pleasure to the Senior General and all officials for his guidance to build Kengtung Haw Palace Replica Museum of Kengtung Saopha Sao Kawng Kiao Intaleng and it is a great auspicious day for emergence of the museum for Kengtung. Residents are pleasure for re-emergence of the Kengtung Haw Palace Replica Museum.

SAC Joint-Secretary Lt-Gen Ye Win Oo, Council members General Mya Tun Oo and Lt-Gen Nyo Saw, Shan State Chief Minister U Aung Aung and member of the Advisory Board to the SAC Chairman Dr Daw Yin Yin Nwe cut the ribbon to inaugurate the newly-built museum.

The Senior General unveiled the stone plaque of the museum and sprinkled scented water on it whereas relatives of Kengtung Saopha Sao Kawng Kiao Intaleng and town elders also sprayed the stone plaque.

The Senior General presented cash awards to the band, pom-pom dance troupes, national race traditional dance troupes, national race cultural troupes, and officials who built the museum.

The Senior General, wife and party viewed round documentary photos of the Saopha, his family members and relatives, documentaries, utensils, and formation of rooms in the Haw Palace displayed at the museum. The Senior General discussed gathering of more historical documentaries, systematic preservation of ancient utensils, and installation of glass for partitions to systematically keep the documentaries and instructed officials to maintain the museum in generations.

Construction on the Kengtung Hawnan Palace, attributed to Kentung Saopha Sao Kawng Kiao Intaleng, commenced in 1903 under the supervision of Indian experts, reaching completion in 1906. A harmonious fusion of Shan and Burmese architectural elements, with traces of European and Indian influences, adorns its design. Generations of the ruling family, including Sao Kawng Kiao Intaleng's son Saopha Sao Kaung Tai and grandson Saopha Sao Sai Lon, inhabited its grandeur until 1959. Subsequently repurposed as a government office in 1962, the palace has undergone meticulous restoration, culminating in its auspicious reopening today, following a directive by the Chairman of the State Administration Council Prime Minister in response to appeals from the royal lineage, kin, and



Senior General Min Aung Hlaing hears report on preparations for Haw Palace Replica Museum.



Senior General Min Aung Hlaing views royal utensils.

See Page - 19 ●●

●● From Page - 18

local populace. Preserving these sacred edifices imbued with the essence of diverse ethnic legacies honors our nation's rich heritage while fostering unity among its inhabitants, bound by shared geography and destiny. This collective stewardship of our cultural treasures augurs well for a future marked by mutual trust, peace, and socio-economic prosperity.

Next, the Senior General and party inspected the upgrading of the Kengtung Airport. At the briefing hall of the project, SAC member Union Minister for Transport and Communications General Mya Tun Oo and Director of Directorate of Military Engineering Maj-Gen Zaw Naing Oo reported on the airport's background history and facts, and the upgrading of the runway and airport building.

After hearing the reports, the Senior General said that Kengtung, nestled as the capital of Shan State (East), stands somewhat isolated from major road networks, yet its allure lies in the untouched natural splendor that beckons travelers. From the serene Buddha Park in Pankwe Village to the meticulously reconstructed Kengtung Haw Palace Replica Museum, and the tranquil waters of Nongton Lake, to the scenic retreat of Lwemway mountain resort, the region boasts an array of captivating destinations. Amidst this scenic backdrop, a thriving community of small and medium-sized enterprises (SMEs) contributes to the local economy, crafting a diverse range of goods. Anticipating future demands, the ongoing refurbishment of Kengtung Airport accommodates modern jet travel, facilitating access to remote locales within the country. Plans to extend connectivity further involve establishing direct flight routes from neighboring Laos, China, and Thailand to Kengtung Airport, envisaging a robust tourism sector and bolstering socio-economic advancement for the region's inhabitants. Essential to these efforts is the meticulous construction and enhancement of airport infrastructure, ensuring safe landings in all weather conditions through comprehensive runway upgrades and facility installations.



The ceremony to open the Haw Palace Replica Museum in progress.



Senior General Min Aung Hlaing views documentary photos of Haw Palace Replica Museum.

Next, the Senior General and party inspected the site for the new airport construction and upgrading tasks for the runway and left necessary instructions.

The Senior General, wife and party visited and paid homage to the 99-year-old Presiding Sayadaw of Kyaingyin Monastery Agga Maha Saddhama Jotikadhaja Bhaddanta Khemacara on the evening of May 10.

The Senior General and wife asked after the health of the Sayadaw and made a cash donation. His entourage members SAC members, union ministers and deputy ministers also made their cash donations.

Later, the Senior General went round in the monastery and gave instructions to officials on maintenance measures for the monastery.

100

# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**


Senior General Min Aung Hlaing presents a gift to a town elder.


Senior General Min Aung Hlaing greets town elders in Kengtung.

**From Page - 21 ♦♦**

must be eliminated in the area. Tatmadaw has been launching counternarcotics operations for many years as a national task. Drug trafficking continues because of weakness in the rule of law and regional instability. Drug production and trafficking must be curbed in Shan State (East). Likewise the government is effectively eliminating online gambling and fraud and the participation of locals is also required.

**Production of farm-based goods**

The government has provided robust support for the production industry of Shan State (East). If the area can produce and export farm products to neighbouring countries its income will increase and socio-economy will improve. Efforts should be made to turn local produce into marketable goods by using advanced technology. Adequate water supply must be available for farming undertakings. The area now has successful production businesses. Hence, the area must strive to produce farm products more and to support farm-based production industry.

**Emergence of competent human resources**

In carrying out manufacturing tasks, emphasis must be placed on modern industries rather than on traditional ones. To do so, it is necessary to turn out competent human resources instilled with knowledge and wisdom education must be encouraged. As the government has taken measures to create opportunities to study higher education in the Kengtung region, it is necessary utilize the opportunities most beneficially. As Shan State (East) is educationally weak, education has been promoted for a long time. It is necessary for students to acquire education seriously. Parents are also required to promote education. The government has opened agriculture, livestock breeding and technical high schools to develop human resources in the agriculture, livestock breeding and industrial sectors. Measures are being taken to open institutes, colle-ges and universities to create opportunities to study higher education. It is necessary to nurture health, information and engineering technicians in Shan State (East). It is necessary to study fine literary works to acquire knowledge outside school curriculums. To do so, the government has been placing emphasis on development of reading habits, expansion of libraries, availability of books and journals and development of libraries.

**Development of tourism**

The government has been taking necessary measures for tourism development in Shan State (East). Tasks are being carry out to upgrade Tachilek and Kengtung airports and foreign tourists from neighboring countries will visit there by flights. As the Kengtung region boasts favorable conditions such as natural forests and mountains and ancient heritage for the success of tourism, measures must be taken for tourism development. As visits of foreign tourists into the region can accelerate the money circulation and development of the region, local residents and departmental officials are required to make concerted efforts for regional scenery, accommodation, food and catering regional food items properly.

**Regional development can be achieved when stability is restored**

The government has been concerted efforts for all round development of the country and regions and states are required to do the same for regional development. As stability is essential for regional development, local residents must make efforts for regional development. If administrative bodies, town elders and local residents make concerted efforts, regional stability and development can be achieved and national development can be realized. Everyone is urged to exert concerted efforts.

Then, the Senior General met with town elders in Kengtung at the guest house of the Triangle Region Command cordially this afternoon and attended to the needs reported by them.

After the meeting, the Senior General presented miniature models of Maravijara marble Buddha images to town elders and greeted them cordially.

**100**

AGRICULTURE

# Budalin Township farmers reap 13,875 acres of winter sesame

A total of 13,875 acres of winter sesame planted during the winter crop planting season in Budalin Township, Monywa District, Sagaing Region, have been harvested, according to statistics from Department of Agriculture for Budalin Township.

The harvest of winter sesame planted in Budalin Township during the 2023-2024 winter crop planting season has been harvested since February of this year. So far, 13,875 acres have been harvested and 12.25 baskets per acre have been harvested.

"At present, all acres of winter sesame have been harvested. The yield is also good. Sesame is not planted in the rainy season. They are only planted in the winter. We also provide services for the expansion of sesame acreage, good yield, and planting with GAP systems," said U Phyo Wai, Head of the Department of Agriculture for Budalin Township.

During the 2023-2024 winter crop planting season, 13,591 acres of winter sesame are planned to be planted in Budalin Township, and 13,875 acres were planted from October to December, 2023. **SMK**

COMMERCE

# Myanmar's rice exports exceed 1.6 million tons valued at over US$-840 million in 2023-2024 fiscal year

More than 1.6 million tons of rice and broken rice worth more than US$-840 million have been exported to foreign customer market countries in 2023-2024 FY, according to reports released by the Myanmar Rice Federation (MRF).

Although Myanmar exports and sells rice and broken rice to foreign customer markets every month, it will only export and sell broken rice, parboiled rice and high-grade rice, which are not consumed locally.

The MRF aimed to sell 2.5 million tons of rice and broken rice in the current (2023-2024) fiscal year, aiming to earn one billion US dollars in export revenue.

However, from April 2023 to the end of March 2024 in the 2023-2024 FY, only 1,686,259 tons of rice and broken rice worth US$-845.66 million were exported and sold.

In the export of rice and broken rice from Myanmar to foreign countries, there is moisture in the rainy season, so the export of rice tends to decrease, and the export of rice tends to increase during the open season. **SK**

NAY PYI TAW May 12

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets state, district and township level departmental officials and local elders from Kengtung, Shan State (East)



Senior General Min Aung Hlaing meets departmental officials in Kengtung.



Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met state, district and township level departmental officials and local elders from Kengtung, Shan State (East) at Kengtung Townhall this morning and discussed regional development.

Present together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, SAC members General Mya Tun Oo, Lt-Gen Nyo Saw, union ministers, the Shan State chief minister, senior military officers from the Office of theCommander-in-Chief, the Triangle Region Command commander, local people and officials.

**Regional facts and development discussed**

Chief Minister U Aung Aung reported on local points, regional development undertakings, implementation of the guidance of the Head of State, farming and development undertakings in the region, financial year wise progress, border export business, efforts to develop various sector including education, health and transport. Local elders and officials presented reports on establishment of more air services to Kengtung area, upgrading of government technological high school and requirements for regional development.



Senior General Min Aung Hlaing meets town elders in Kengtung.

Union Minister General Mya Tun Oo and the chief minister explained ongoing flights to Shan State (East) and demand-based extension programs, presentation of technological high school extension project to the relevant ministries after making an evaluation.

**Rule of law and anti-illicit business campaign**

In his speech, the Senior General said Shan State (East) was notorious for its drug business in the past. Illicit businesses including drug trafficking

See Page - 20 ♦♦

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

နေပြည်တော် မေ ၁၂

# AA အကြမ်းဖက်သောင်းကျန်းသူများက ဘူးသီးတောင်မြို့ရှိ ယာယီနေရပ်စွန့်ခွာသူများနေထိုင်သည့် ပြည်သူ့ဆေးရုံဝင်းအတွင်းသို့ လက်နက်ကြီးဖြင့် ရည်ရွယ်ချက်ရှိရှိပစ်ခတ်ခဲ့မှုကြောင့် ဒေသခံပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာများရရှိ


ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့ရှိ ယာယီနေရပ်စွန့်ခွာသူများ နေထိုင်သည့် ပြည်သူ့ဆေးရုံဝင်းအတွင်းသို့ AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဒေသခံပြည်သူ ၃ ဦး သေဆုံးခဲ့ပြီး အသက် ၁ နှစ်ခွဲနှင့် အသက် ၁၀ နှစ်အရွယ် ကလေးငယ်များ အပါအဝင် ဒေသခံပြည်သူ ၁၀ ဦးဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်းသိရှိရသည်။

ဖြစ်စဉ်မှာ AA အကြမ်းဖက်သောင်းကျန်းသူများသည် မေလ ၁၁ ရက် ည ၁၁ နာရီခန့်တွင် ဘူးသီးတောင်မြို့၏ အရှေ့မြောက်ဘက် မီတာ ၂၈၀၀ ခန့်အကွာရှိ ကျောက်ရစ်(ရွာသစ်)ကျေးရွာဘက်မှနေ၍





ယာယီနေရပ်စွန့်ခွာသူများနေထိုင်သည့် ဘူးသီးတောင်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်းသို့ AA အကြမ်းဖက်သောင်းကျန်းသူများပစ်ခတ်သည့် လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဒေသခံပြည်သူများအား နယ်မြေခံတပ်မတော်ဆေးရုံတွင် ဆေးဝါးကုသမှုများဆောင်ရွက်ပေးနေစဉ်။




ယာယီနေရပ်စွန့်ခွာသူများနေထိုင်သည့် ဘူးသီးတောင်မြို့ ပြည်သူ့ဆေးရုံဝန်ထမ်းအိမ်ရာ ၄ ထပ်ဆောင်အတွင်း လက်နက်ကြီးကျရောက်ပေါက်ကွဲခဲ့သည့် နေရာပြပုံ။

လက်နက်ကြီးဖြင့် ပြည်သူ့ဆေးရုံဝင်းအတွင်းသို့ ရည်ရွယ်ချက်ရှိရှိပစ်ခတ်ခဲ့မှုကြောင့် ပြည်သူ့ဆေးရုံရှိ ဝန်ထမ်းအိမ်ရာ ၄ ထပ်ဆောင်ပေါ်သို့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့သည်။

ယင်းသို့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် ပြည်သူ့ဆေးရုံဝင်းအတွင်း အေးချမ်းစွာနေထိုင်လျက်ရှိသော ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူ ၃ ဦး သေဆုံးခဲ့ပြီး အသက် ၁ နှစ်ခွဲနှင့် အသက် ၁၀ နှစ်အရွယ်ကလေးငယ် ၂ ဦး အပါအဝင် ဒေသခံပြည်သူ ၁၀ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိသူများအား သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များက ဘူးသီးတောင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ အရေးပေါ်ပို့ဆောင်၍ လိုအပ်သည့် ဆေးကုသမှုခံယူစေလျက်ရှိသည်။

AA အကြမ်းဖက်သောင်းကျန်းသူများသည် ရခိုင်ပြည်နယ်အတွင်း ဒေသခံပြည်သူများ အေးချမ်းစွာနေထိုင်နေမှုနှင့်လူမှုစီးပွားဘဝပျက်စီးစေရန်ရည်ရွယ်ချက်ဖြင့် လူနေရပ်ကွက်/ ကျေးရွာများအတွင်းသို့လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့မှုအနေဖြင့် ယခုအကြိမ်အပါအဝင် စုစုပေါင်း ၁၄ ကြိမ်ရှိခဲ့ပြီးယင်းသို့ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ ဒေသခံပြည်သူ ၆၀ ဦး သေဆုံးခဲ့ကာ ၁၁၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းလျက်ရှိသော မြို့၊ ရွာ၊ ရပ်ကွက်များကို AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊





ဘူးသီးတောင်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်းသို့ AA အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်သည့် လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့သည့်အဆောက်အဦကို တွေ့ရစဉ်။

တိုက်ပွဲများဖော်ဆောင်ခြင်းများ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့၏လုပ်ရပ်များကို ဒေသခံပြည်သူများက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းသတင်းရရှိသည်။

(၁၀၀)

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၅-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၆၀ | ၂၇၄၀ | ၂၇၂၀ | ၂၆၇၀ | ၂၇၄၀ | ၂၇၅၅ | ၂၇၆၅ | ၂၇၂၀ | ၂၈၅၀ | ၂၈၀၀ | ၂၇၃၀ | ၂၇၄၅ | ၂၇၇၅ | ၂၇၆၅ | ၂၇၈၀ | ၃၁၈၅ | ၃၄၅၀ |
| 95 Ron | ၂၇၆၅ | ၂၈၄၅ | ၂၈၂၀ | ၂၇၇၅ | ၂၈၄၅ | ၂၈၅၅ | ၂၈၇၀ | ၂၈၂၅ | ၂၉၅၅ | ၂၉၈၅ | ၂၈၃၀ | ၂၈၄၅ | ၂၈၀၀ | ၂၈၇၀ | ၂၈၀၀ | ၃၂၉၀ | ၃၅၆၀ |
| HSD (500 ppm) | ၂၃၂၅ | ၂၄၀၀ | ၂၃၈၀ | ၂၃၃၅ | ၂၄၀၅ | ၂၄၁၅ | ၂၄၂၅ | ၂၃၈၅ | ၂၅၁၅ | ၂၅၄၅ | ၂၃၉၀ | ၂၄၀၅ | ၂၄၄၀ | ၂၄၃၀ | ၂၄၄၀ | ၂၈၅၀ | ၃၅၈၀ |
| HSD (50 ppm) | ၂၃၇၀ | ၂၄၅၀ | ၂၄၂၅ | ၂၃၈၀ | ၂၄၅၀ | ၂၄၆၅ | ၂၄၇၅ | ၂၄၃၀ | ၂၅၆၀ | ၂၅၉၀ | ၂၄၄၀ | ၂၄၅၅ | ၂၄၈၅ | ၂၄၇၅ | ၂၄၈၅ | ၂၈၉၅ | ၃၆၄၀ |
| HSD (10 ppm) | ၂၃၇၀ | ၂၄၅၀ | ၂၄၂၅ | ၂၃၈၀ | ၂၄၅၀ | ၂၄၆၅ | ၂၄၇၅ | ၂၄၃၀ | ၂၅၆၀ | ၂၅၉၀ | ၂၄၄၀ | ၂၄၅၅ | ၂၄၈၅ | ၂၄၇၅ | ၂၄၈၅ | ၂၈၉၅ | ၃၆၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၂၆ | ၂၆၁၀ |
| 95 Ron | ၂၆၂၆ | ၂၇၁၂ |
| HSD (500 ppm) | ၂၁၉၈ | ၂၂၇၁ |
| HSD (50 ppm) | ၂၂၄၄ | ၂၃၁၉ |
| HSD (10 ppm) | ၂၂၄၄ | ၂၃၁၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၃၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ထူးဆန်းထွေလာနိုင်ငံတကာ

ထက်မြက်

# မာရသွန်ပြိုင်ပွဲပေါင်း ၁၀၀၀ ကိုဝင်ပြိုင်ပြီး ဂင်းနစ်စံချိန်တင်သွားသူ




ဗြိတိန်အမျိုးသားတစ်ယောက်က ၄၃ နှစ်တာ ကာလအတွင်း မာရသွန်ပြိုင်ပွဲပေါင်း ၁၀၀၀ ကို ဝင်ရောက်ယှဉ်ပြိုင်ပြီး ဂင်းနစ်စံချိန်တင်နိုင်ခဲ့ပါတယ်။

သူ့အနေနဲ့ နာရီပေါင်း ၃၃၆၃ နာရီ ၄ မိနစ် ၂ စက္ကန့် အချိန်ယူပြီး မာရသွန်ပြိုင်ပွဲပေါင်း ၁၀၀၀ မှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။

သူ့နာမည်ကတော့ စတီအက်ဒဝါ့ပါ။ သူဟာ ပြီးခဲ့တဲ့သီတင်းပတ်တုန်းက အင်္ဂလန်မှာကျင်းပတဲ့ မီတန်ကီးနက်မာရသွန်ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။

အဲဒီမာရသွန်ပြိုင်ပွဲဟာ သူ့အတွက် ပွဲ ၁၀၀၀ မြောက်မာရသွန်ပြိုင်ပွဲပါ။ ဒါပေမဲ့သူဟာ မာရသွန်ပြိုင်ပွဲပေါင်း ၁၀၀၀ ကို အမြန်ဆုံးပန်းဝင်နိုင်သူအဖြစ် ဂင်းနစ်မှတ်တမ်းဝင်သွားခဲ့တာဖြစ်ပါတယ်။

အက်ဒဝါ့က သူ့ရဲ့ပထမဆုံးသောမာရသွန်ပြိုင်ပွဲကို ၁၉၈၁ ခုနှစ် သူ့အသက် ၁၈ နှစ်မှာ စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။

သူ့အနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ မာရသွန်ပြိုင်ပွဲတိုင်းမှာ လေးနာရီအောက်နဲ့သာပန်းဝင်ခဲ့တာပါ။ ဒါကြောင့် ပြိုင်ပွဲပေါင်း ၁၀၀၀ မှာ သူ့ရဲ့ပျမ်းမျှပန်းဝင်ချိန်က ၃ နာရီ ၂၀ မိနစ် ၄၇ စက္ကန့်ရှိပါတယ်။

အခုလိုမျိုး မာရသွန်ပြိုင်ပွဲပေါင်း ၁၀၀၀ ကို ဝင်ရောက်ယှဉ်ပြိုင်နိုင်တာဟာ အက်ဒဝါ့တစ်ယောက်တည်းမဟုတ်ပါဘူး။ အက်ဒဝါ့အပါအဝင် စုစုပေါင်းလူ ၅၁ ယောက်ရှိပါတယ်။

ဒါပေမဲ့ ကျန်တဲ့အယောက် ၅၀ စလုံးက အက်ဒဝါ့လိုမျိုး ပန်းဝင်စံချိန်ကိုမမီပါဘူး။ သူတို့အားလုံးက ပျမ်းမျှအားဖြင့် အချိန်လေးနာရီကျော်မှသာ ပန်းဝင်ခဲ့တာပါ။

အက်ဒဝါ့အနေနဲ့ အခုလိုမျိုးကမ္ဘာ့စံချိန်တင်နိုင်ခြင်းဟာ Kate's Home Nursing ဆိုတဲ့ ပရဟိတအဖွဲ့အတွက်လည်း ရန်ပုံငွေများကို ပိုမိုရရှိစေခဲ့ပါတယ်။ အက်ဒဝါ့ရဲ့ဇနီးဖြစ်တဲ့ ထရီဇာကတော့ အဲဒီပရဟိတအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။

***Ref: UPI***

# ကမ္ဘာ့အသက်အကြီးဆုံး အလွတ်လေထီးခုန်သူဖြစ်လာတဲ့ အသက် ၁၀၆ နှစ်ရှိအဘိုးအို

တက္ကဆက်ပြည်နယ်မှ အဘိုးအိုတစ်ဦးဟာ ကမ္ဘာ့အသက်အကြီးဆုံး အလွတ်လေထီးခုန်သူအဖြစ် ဂင်းနစ်မှတ်တမ်းဝင်သွားပါတယ်။

အသက်အရွယ်အားဖြင့် ၁၀၆ နှစ် ၃၂၇ ရက်ရှိနေပြီဖြစ်တဲ့ အဲဒီအဘိုးအို အဲဖရတ်ဟာ ၂၀၂၀ ပြည့်နှစ်တုန်းကလည်း အလားတူ ဂင်းနစ်မှတ်တမ်းကို ရရှိခဲ့ဖူးပါတယ်။

အဲဒီအချိန်တုန်းက သူ့အသက် ၁၀၃ နှစ်ပါ။ သူရရှိခဲ့ဖူးတဲ့ ဂင်းနစ်မှတ်တမ်းက ကမ္ဘာ့အသက်အကြီးဆုံး ရှေ့နောက်တန်းစီလျက် လေထီးအလွတ်ခုန်သူဖြစ်ပါတယ်။

ဒါပေမဲ့ ဆွီဒင်နိုင်ငံသူအမျိုးသမီးကြီးတစ်ဦးက အသက် ၁၀၃ နှစ် ၂၅၉ ရက်မှာ အလွတ်လေထီးခုန်ပြီး အဲဖရတ်ရဲ့စံချိန်ကိုချိုးခဲ့ပါတယ်။

အခုတော့ အဲဖရတ်ဟာ တက္ကဆက်ပြည်နယ်အုပ်ချုပ်ရေးမှူး ဂရက်အက်ဘော့နဲ့အတူ အလွတ်လေထီးခုန်ခြင်းအားဖြင့် အသက်အကြီးဆုံးအလွတ်လေထီးခုန်သူအဖြစ်ဂင်းနစ်မှတ်တမ်းဝင်ခဲ့တာပါ။ ဂရက်အက်ဘော့ကတော့ သူ့ဘဝမှာပထမဆုံးအဖြစ် အလွတ်လေထီးခုန်ခဲ့တာဖြစ်ပါတယ်။

"မင်းက ကိုယ့်ကိုယ်ကိုယ်မလုပ်နိုင်ဘူးလို့ထင်နေရင် ဒါဟာမင်းရဲ့ကိုယ်စွမ်းကိုယ်စကို လျှော့တွက်လိုက်တာပဲ။ လူတိုင်းက သူတို့ကိုယ်သူတို့ထင်မြင်ယူဆထားတာထက်ပိုပြီးလုပ်နိုင်စွမ်းရှိပါတယ်။ တကယ်တော့ သူတို့လိုအပ်တာက ဒါကိုလုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ပါပဲ"ဆိုပြီး သူမတူအောင်စွမ်းဆောင်နိုင်ခဲ့သူ အဘိုးအို အဲဖရတ်က ဘဝခွန်အားဖြစ်ဖွယ်ရာ အကြံပေးပြောထားပါတယ်။

***Ref: UPI***



# လူသားခါးပတ်ပုံစံဖြင့် ဂင်းနစ်မှတ်တမ်းဝင်သွားခဲ့တဲ့ ခန္ဓာကိုယ်စွမ်းရည်ပြသူ





တော်ရုံတန်ရုံအကြောပျော့ရုံနဲ့ ဂင်းနစ်မှတ်တမ်းဝင်ဖို့ဆိုတာ မလွယ်ကူလှပါဘူး။ တော်တော်လေးကိုအကြောပျော့မှသာ ဒီလိုကမ္ဘာ့မှတ်တမ်းကိုဝင်နိုင်မှာပါ။

အခုတော့ အကပညာရှင်တစ်ဦးဟာ လူသားခါးပတ်ပုံစံဖန်တီးပြီး ဂင်းနစ်မှတ်တမ်းဝင်အောင် စွမ်းဆောင်နိုင်ခဲ့တာကိုတွေ့ရပါတယ်။

လစ်ဘာတီဘားရို့အမည်ရှိတဲ့ အကပညာရှင်ဟာ အခြားသောအကပညာရှင်တစ်ဦးရဲ့ခါးကိုပတ်ပြီး လူသားခါးပတ်ပုံစံပုံဖော်ကပြခဲ့တာပါ။ ကြာမြင့်ချိန်အားဖြင့် စက္ကန့် ၃၀ အတွင်းမှာ လူသားခါးပတ်ပုံစံကို ဖော်ကျူးနိုင်ခဲ့တာဖြစ်ပါတယ်။

ဘားရို့ဟာ သူ့ခြေထောက်တွေကို သူကိုင်ပြီး အကပညာရှင် အိုလာယီဝိုလာရဲ့ခါးမှာပတ်ထားခြင်းအားဖြင့် လူသားခါးပတ်ပုံစံလုပ်ခဲ့တာဖြစ်ပါတယ်။

အဲဒီအချိန်မှာပဲ အိုလာယီဝိုလာကဟာဝေယံကျွန်းအကတစ်မျိုးဖြစ်တဲ့ လက်နှစ်ဖက်ထဲကွင်းထည့်ပြီးလှည့်တဲ့အကကို ကပြခဲ့ပါတယ်။

အပတ်ရေပေါင်းကတော့ ၇၉ ပတ်ဖြစ်ပြီး ဂင်းနစ်မှတ်တမ်းတင်အဖွဲ့ကသတ်မှတ်ထားတဲ့အပတ်ရေ ၄၅ ပတ်ကို ကျော်လွန်သွားတာကြောင့် ဂင်းနစ်မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် ဘားရို့ဟာ သာမန်လူလုပ်ပြဖို့ရာခဲယဉ်းတဲ့ အကြောပျော့ပြကွက်ပေါင်း ၄၂ ခုကို တစ်မိနစ်အတွင်းလုပ်ပြခြင်းအားဖြင့် ယခင်စံချိန်ဖြစ်တဲ့ အကြိမ် ၃၀ ကို ကျော်လွန်ကာ နောက်ထပ်ဂင်းနစ်မှတ်တမ်းတစ်ခုကို ထပ်မံရရှိသွားပါတယ်။

***Ref: UPI***

နေပြည်တော် မေ ၁၂

# မန္တလေးမြို့ရှိ MSME လုပ်ငန်းရှင်များနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တွေ့ဆုံ၊ စက်ရုံများ ကြည့်ရှုစစ်ဆေး

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည့် အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ မန္တလေးတိုင်းဒေသကြီး MSME အေဂျင်စီအဖွဲ့ဝင်များ၊ MSME လုပ်ငန်းရှင်များနှင့်စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးရှိ MSME လုပ်ငန်းရှင်များအနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး MSME အေဂျင်စီနှင့်ပူးပေါင်းပြီး ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခု (OROP)၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များနှင့်ချိတ်ဆက်၍ အောင်မြင်အောင် ဆောင်ရွက်ပေးကြရန်တိုက်တွန်းလိုကြောင်း၊ မန္တလေးတိုင်းဒေသကြီးအနေဖြင့် စိုက်ပျိုး၊ မွေးမြူရေးအခြေခံထုတ်ကုန်များကို အောင်မြင်အောင် ဆောင်ရွက်ရန်အတွက် ကော်ဖီ၊ သရက်၊ စပျစ်၊ ထောပတ်၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲစင်းငုံ၊ မိုးပဲတီစိမ်း၊ ဆောင်းပဲတီစိမ်း၊ ဝါသီးနှံ၊ ချည်မျှင်ရှည်ဝါ၊ ကြက်သွန်နီ၊ ငရုတ်ခြောက်၊ ကြံ၊ ယွန်းထည်၊ ပုံးရည်ကြီး၊ နို့နှင့်နို့ထွက်ပစ္စည်း၊ ပဲအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်စသည်တို့ကို အစီအစဉ်များ ရေးဆွဲတင်ပြထားသည်ကို တွေ့ရှိရ၍ အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုလျှင် တစ်ဦးတစ်ယောက်ချင်းစီ၏ အကျိုးစီးပွားများ တိုးတက်လာမည်ဖြစ်သကဲ့သို့ တိုင်းဒေသကြီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှု၊ ဒေသထွက်ကုန်များ ဈေးကွက်ပိုမိုထိုးဖောက်နိုင်မှုစသည့် အကျိုးကျေးဇူးများအပြင် မျှော်မှန်းရလဒ်အနေဖြင့် စားရေရိက္ခာဖူလုံလာမည့်အပြင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာပြီး ဆင်းရဲမှုကိုပါ လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း။



ဝါစိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍ ဝါကိုမိုးနည်းသည့်ဒေသဖြစ်သော မန္တလေးတိုင်းဒေသကြီးတွင် အများဆုံး စိုက်ပျိုးသည်ကို တွေ့ရှိရကြောင်း၊ ဝါစိုက်ပျိုးရာတွင် အရည်အသွေးမီဝါမျိုးများ ပြောင်းလဲစိုက်ပျိုးရန်လိုအပ်ကြောင်း၊ ပြည်ပသို့ ဝါကုန်ကြမ်းများအား တင်ပို့မည့်အစား ဝါဂွမ်းမှချည်ထည်ထုတ်လုပ်တင်ပို့နိုင်ပါက စီးပွားရေးအရ တွက်ခြေကိုက်၍ ဝါဂွမ်းကို တိုးတက်ထုတ်လုပ်ပြီး အဆင့်မီချည်ထည်များထုတ်လုပ်ပေးနိုင်ရန်အတွက် တက်ရောက်လာသော MSME လုပ်ငန်းရှင်များကို တိုက်တွန်းပြောကြားလိုကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်ထားသည့် ဆီစက်လုပ်ငန်း ၅၈၇ ခု၊ ဝါကြိတ်လုပ်ငန်း ၉၆ ခု၊ ချည်မျှင်လုပ်ငန်း ၆ ခု၊ နို့နှင့်နို့ထွက်ပစ္စည်းလုပ်ငန်း ၃၈ ခုရှိပြီး တစ်နှစ်လျှင် စားသုံးဆီ ၄၈၅၆၁ တန်၊ ဝါဂွမ်း ၄ ဒသမ ၅၉၁ ပေါင်သန်း၊ ချည်အမျိုးမျိုး ၁၁ ဒသမ ၆၅၈ ပေါင်သန်း၊ နို့ဆီ၊ နို့မှုန့်၊ ထောပတ် ၅၉၆ တန်ခန့်ထုတ်လုပ်နိုင်သည်ကို စိစစ်တွေ့ရှိရကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းများနှင့်ပတ်သက်၍ ရင်ဆိုင်ကြုံတွေ့နေရမှုများ၊ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြပါရန် ဖိတ်ခေါ်ပါကြောင်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်က MSME များသည် ပြည်ပသွင်းကုန်အစားထိုးလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်၍ဈေးကွက်ရှာဖွေပြီး အောင်မြင်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ် တွေ့ကြုံနေရသည့် အခက်အခဲများရှိပါက မှန်ကန်သောအချက်အလက်များကို အခြေခံ၍တင်ပြဆွေးနွေးပေးကြပါရန် ဖိတ်ခေါ်ပါကြောင်းပြောကြားသည်။

ယင်းနောက် မန္တလေးစက်မှုဇုန်အတွင်း ရေးမှူးနှင့် Good Brother Co., Ltd. တို့က ဝါကြိတ်စက်များ ထုတ်လုပ်နေမှု၊ ဝါလုပ်ငန်းရှင်၊ ဆီစက်လုပ်ငန်းရှင်၊ ကော်ဖီလုပ်ငန်းရှင်၊ သရက်စိုက်ပျိုးတောင်သူများက ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြပြီးပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်တို့သည် ကျောက်ဆည်မြို့ရှိ မြဘုရင်နို့ချက်စက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်း နို့နှင့်နို့ထွက်ပစ္စည်းများထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ (အင်းကုန်း)သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်ဓာတ်အားသုံးစွဲမှုနည်းပါးသည့် ကြိတ်လုံးနှစ်လုံးတပ်ဝါကြိတ်စက်များကို သုတေသနပြု စမ်းသပ်ထုတ်လုပ်နေသည့်အတွက် လိုအပ်သောစက်အစိတ်အပိုင်းများကိုလည်း ထုတ်လုပ်ပေးနိုင်ရေး ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ ဝါကြိတ်စက်ထုတ်လုပ်သည့်နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်မှာကြားပြီး ဝါကြိတ်စက်များအတွက် လိုအပ်သည့် ပင်နယံများ ထုတ်လုပ်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဆေးဝါးစက်ရုံ (အင်ရောင်း) သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ စက်ရုံမှူးက လုပ်ငန်းဆောင်များဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုအတွက်လိုအပ်သောဆေးဝါးများကို ယခုထက်ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေးစီမံဆောင်ရွက်ရန်မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

---

ရန်ကုန် မေ ၁၂

# ဆောက်လုပ်ရေးလုပ်ငန်းခွင်များနှင့် ဆေးကုသရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ကြည့်ရှုစစ်ဆေး

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လမ်းမတော်မြို့နယ်ရှိ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်ရှိ ဆေးပညာကျွမ်းကျင်မှုပုံတူပြုလေ့ကျင့်ရေးနှင့်သုတေသနဌာန (MEDICAL SKILLS, SIMULATION AND RESEARCH CENTER) တွင်ကျင်းပနေသည့် အခြေခံအရိုးရောဂါ ခွဲစိတ်ကုပညာကျွမ်းကျင်မှုသင်တန်း (BASIC ORTHOPAEDIC SURGICAL SKILLS COURSE) အရိုးရောဂါခွဲစိတ်ကုသမှု၊ လက်တွေ့ကျွမ်းကျင်မှု၊ လေ့ကျင့်သင်ကြားနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးအားပေးပြီး သင်တန်းပို့ချလျက်ရှိသောအရိုးရောဂါပညာဌာနမှ ဆရာများနှင့် သင်တန်းတက်ရောက်လျက်ရှိသည့် ဆေးပညာမဟာသိပ္ပံ ကျောင်းသား၊ ကျောင်းသူများကို တရင်းတနှီးတွေ့ဆုံ၍ လိုအပ်သည်များကိုမှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ သင်တန်းသား၊ သင်တန်းသူများ အဆောင်ထားရှိရန် အဆောက်အအုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။ ထိုမှတစ်ဆင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနဝင်းအတွင်းရှိ ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ RC ငါးထပ်၊ သင်တန်းသား၊ သင်တန်းသူများအဆောင်ဆောက်လုပ်မှုလုပ်ငန်းခွင်နှင့် ကျောင်းသား၊ ကျောင်းသူအဆောင်ဆောက်လုပ်မည့် မြေနေရာကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ အရိုးနှင့်ထိခိုက်ဒဏ်ရာကုဌာန၊ ဆေးကုသဆောင်၊ ခွဲစိတ်ကုသဆောင်၊ ဓာတ်ရောင်ခြည်ဆေးကုဌာနများတွင် ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လူနာများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ခုနစ်ထပ်ဆောင်သစ်ကြီးတွင် ဆေးကုသမှုလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လူနာများစိတ်အေးချမ်းသာစွာ ဆေးကုသမှုခံယူနိုင်ရေး၊ ဆေးဝါးများ ပြတ်လပ်မှုမရှိစေရေး၊ အဆောက်အအုံ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ စနစ်တကျစီမံဆောင်ရွက်ထားရှိရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

---

နေပြည်တော် မေ ၁၂

# ကျိုင်းတုံမြို့နယ်တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေလ ၁၀ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ကျိုင်းတုံမြို့နယ် ဝမ်တာပုံကျေးရွာအုပ်စု ဝမ်တာပုံကျေးရွာအနီးတွင် လမ်းလျှောက်လာသော အိုက်ကျောက်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အိုက်ကျောက်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**




## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံရေး) ဦးကျော်ကောင်းချိုကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မိုးလေဝသ သတင်း




| မြို့ | အနိမ့်ဆုံး / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၆° C / | ၃၈·၆° C |
| ရန်ကုန် | ၂၆° C / | ၃၇·၅° C |
| မန္တလေး | ၂၇° C / | ၄၀·၃° C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ
အဖိုးတန်ရေချိုကို ချွေတာကြပါစို့

ကော့ကရိတ် မေ ၁၂

## ကော့ကရိတ်မြို့ ပြန်လည်တည်ထောင်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု တာဝန်ရှိသူများကြည့်ရှုစစ်ဆေး

ကရင်ပြည်နယ် ကော့ကရိတ်မြို့သည် ယခုအခါ နယ်မြေအေးချမ်းတည်ငြိမ်လာပြီဖြစ်သည့်အတွက် မြို့တွင်းသို့နေ့စဉ်ပြန်လည်ဝင်ရောက်နေထိုင်လာသည့် ပြည်သူများ နေထိုင်မှုနှင့် လျှပ်စစ်မီးများအဆင်ပြေစွာသုံးစွဲနိုင်ရေးအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များက သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်မီးတိုင်နှင့်လျှပ်စစ်မီးကြိုးများ ရှင်းလင်းသွယ်တန်းခြင်းနှင့် မြို့ဖွံ့ဖြိုးရေးလုပ်ငန်းတိုကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ထိုသို့ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်မှ တာဝန်ရှိသူများသည် မြို့တွင်း သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှု၊ အမှတ် (၁၃)အခြေခံပညာမူလတန်းကျောင်း လျှပ်စစ်မီးကြိုးများ ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှု၊ ပြည်သူ့ဆေးရုံသို့ရောက်ရှိတာဝန်ထမ်းဆောင်နေသည့် ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံ၍ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်မှု၊ ဒေါနခန်းမတွင် ယာယီနေရပ်စွန့်ခွာသူများနှင့် မီးဘေးသင့် ပြည်သူများအား ကရင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သော ဆန်၊ ဆီ၊ မားမား၊ ခေါက်ဆွဲခြောက် ထောက်ပံ့ပေးမှုတို့အား ကြည့်ရှုအားပေးစကားပြောကြားခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများသည် တောင်ပေါ်ကျောင်းတိုက်သို့သွားရောက် ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့ကာ ကျောင်းဝင်းအတွင်း ပျက်စီးခဲ့သည့် အဆောက်အအုံအား အဆောက်အဦအထူးအဖွဲ့(၁၃)မှ ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**ခင်မျိုးဝင်း(ခရိုင်ပြန်/ ဆက်)**

နေပြည်တော် မေ ၁၂

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၂၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင်ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေလ ၁၃ ရက်မှ ၁၉ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၅၂၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

၁၂-၅-၂၀၂၄

### ထူးခြားသည့်နေ့အပူချိန်များ

| | | | |
|---|---|---|---|
| အောင်လံ | ၄၂ ဒသမ ၆ ဒီဂရီဆဲလ်စီးယက် | မင်းဘူး | ၄၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| တောင်တွင်းကြီး | ၄၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် | ရွှေကျင် | ၄၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၄၁ ဒသမ ၃ ဒီဂရီဆဲလ်စီးယက် | | |
| ချောက် | ၄၁ ဒသမ ၃ ဒီဂရီဆဲလ်စီးယက် | | |
| မကွေး | ၄၁ ဒသမ ၃ ဒီဂရီဆဲလ်စီးယက် | | |
| ပြည် | ၄၁ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် | | |
| ငါးသိုင်းချောင်း | ၄၁ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် | | |
| မော်လမြိုင် | ၄၁ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် | | |

## ကျုံ့အိတ်တံတားပျက်စီးမှုကြောင့် ခရီးလမ်းပန်း ပြတ်တောက်မှုမရှိစေရေး စီမံဆောင်ရွက်

မော်လမြိုင် မေ ၁၂

ကျုံ့အိတ်တံတားပျက်စီးမှုများကြောင့် ခရီးလမ်းပန်းပြတ်တောက်မှုမရှိစေရန် ပြည်သူများ အသုံးပြုနိုင်မည့် ယာယီလမ်းလွှဲနှင့် မူလပျက်စီးသွားသောတံတားနေရာကို ဘေလီတံတားအသစ်အမြန်ဆုံးတည်ဆောက်သွားမည်ဖြစ်ကြောင်း မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ကျုံ့အိတ်တံတားပျက်စီးမှုများ သွားရောက်စစ်ဆေးစဉ် ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ကျုံ့အိတ်တံတားကမ်းကပ်ခုံ ၁၀၀ရာခိုင်နှုန်း ပြိုကျပျက်စီးခဲ့မှုကြောင့် ပြည်သူများနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေကို အမြန်ဆုံး ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဒေသတွင်း ကုန်စည်စီးဆင်းမှု ရပ်တန့်မှုမရှိစေရေး၊ အများပြည်သူ ခရီးသွားလာမှု နှောင့်နှေးမှုမရှိစေရေးအတွက် အမြန်ဆုံးပြင်ဆင်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီတို့မှ တာဝန်ရှိသူများအား မှာကြားကာလိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်၊ ဒေသတွင်း ကုန်စည်စီးဆင်းမှုရပ်တန့်စေရန်နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေရန် ရည်ရွယ်၍ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့သည် မေလ ၁၁ ရက်နံနက်ပိုင်းကအများပြည်သူအားထားအသုံးပြုလျက်ရှိသည့် ကျုံ့အိတ်တံတားကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။ ကျုံ့အိတ်တံတားသည် သထုံမြို့နယ် ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ အရှည် ၉၅ ပေ၊အကျယ် ၄၁ ပေ၊ ခံနိုင်ဝန်တန် ၆၀ ရှိ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ပြည်သူများ၏ နေ့စဉ် လူမှုစီးပွားအတွက် အရေးပါသည့် တံတားတစ်စင်းဖြစ်သည်။



သက်နိုင် (မော်လမြိုင်)

ရန်ကုန် မေ ၁၂

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နှစ်သစ်ကူးနေ့အခမ်းအနားကျင်းပ





ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နှစ်သစ်ကူးနေ့ အခမ်းအနားကို မေလ ၁၀ ရက် ညပိုင်းတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိမြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ မြန်မာနိုင်ငံဆိုင်ရာဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး H.E.Dr.Md. Monwar Hossain၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံရုံးဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး H.E.Dr. Md. Monwar Hossain က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဧည့်သည်တော်များသည် ဘင်္ဂလားဒေ့ရှ်သီချင်း Boishakhi Song သီဆိုမှု၊ မြန်မာရုပ်သေးအက၊ မွေ့အလမ္ဘာယ်၊ မျက်လှည့်တို့ဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် သံအမတ်ကြီးက အခမ်းအနားသို့ တက်ရောက်လာကြသူများအား နှစ်သစ်ကူးဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**စည်သူလင်း(ပြန်/ဆက်)**

---

နေပြည်တော် မေ ၁၂

## အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)ကို ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ယမန်နေ့ နံနက်ပိုင်းက မန္တလေးမြို့ရှိ အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)သို့ ရောက်ရှိစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် သင်တန်းကျောင်းအစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးက သင်တန်းကျောင်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သင်တန်းကျောင်း၌ တပ်ဆင်ထားရှိသည့် စက်ပစ္စည်းများ၊ မော်တော်ယာဉ်များကို ပြုပြင်ထိန်းသိမ်းမည့် အချိန်ဇယားရေးဆွဲ၍ စဉ်ဆက်မပြတ်စစ်ဆေးပြုပြင်ရန်၊ သင်တန်းကျောင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများတွင် ပါဝင်သည့် စက်ပစ္စည်းအားလုံး၏ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် စက်ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်မှု လမ်းညွှန်တို့နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ စနစ်တကျလွှဲပြောင်းလက်ခံရယူသွားရန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျိုကျန်းကောလိပ်မှ နည်းပြဆရာ/ဆရာမများသည် ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် အမှတ်(၂)စက်မှုသင်တန်းကျောင်းသို့ လာရောက်၍ နည်းပညာဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်၍ အခြားစက်မှုသင်တန်းကျောင်းများမှ နည်းပြဆရာ/ဆရာမများ တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ထားရန်၊ မော်တော်ယာဉ်နှင့် လယ်ယာသုံးထွန်စက် ပြုပြင်ထိန်းသိမ်းရေးဘာသာရပ်အတွက် လိုအပ်သော သင်ကြားရေးအထောက်အကူပြုပစ္စည်းများကို အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ ရယူနိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်၊



မီးငြိမ်းသတ်ရေးစနစ်အား အသုံးချနိုင်ရေးအတွက် လက်တွေ့စမ်းသပ်မောင်းနှင်နိုင်ရေး ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သင်တန်းကျောင်းစာကြည့်တိုက်၊ သင်တန်းကျောင်း၏ မှတ်တမ်းထိန်းသိမ်းထားရှိမှု၊ အထည်ချုပ်သင်တန်းဖွင့်လှစ်မည့် သင်တန်းခန်းမ၊ သင်တန်းကျောင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အလုပ်ရုံများရှိ စက်ပစ္စည်းများတပ်ဆင်ထားမှု အခြေအနေများနှင့် သင်ကြားရေးသုံး မော်တော်ယာဉ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိပြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရုံး၌ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရှိ ဝန်ထမ်းများ၊ အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)ရှိ နည်းပြဆရာ/ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ဝတ်ဆင်ရေးအတွက် ဝါမှဝါဂွမ်း၊ ချည်များ ထုတ်လုပ်နိုင်ရန်ကြိုးစားဆောင်ရွက်လျက်ရှိသဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ လိုအပ်ချက်များ၊ အခက်အခဲများကိုလည်း သိရှိအောင်ဆောင်ရွက်၍ ဝိုင်းဝန်းကူညီပံ့ပိုးပေးရန်၊ စက်မှုကဏ္ဍအတွက် လိုအပ်သော ကျွမ်းကျင်လုပ်သားများကို ပိုမိုမွေးထုတ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်နှင့် လက်တွေ့လုပ်ငန်းနယ်ပယ်တွင် ဝင်ရောက်လုပ်ကိုင်နိုင်သည့်အဆင့်အထိ ရောက်အောင် လေ့ကျင့်သင်ကြားပေးရန်မှာကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

နေပြည်တော် မေ ၁၂

# ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ စခန်းပေါင်းစုံ စွမ်းရည်ပြိုင်ပွဲများပြုလုပ်၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ စခန်းသွင်းလေ့ကျင့်ရန်နှင့် ပြိုင်ပွဲများကျင်းပရန် မိတ္ထီလာမြို့သို့ရောက်ရှိ

တပ်မတော်(ရေ)က ၂၀၂၄ ခုနှစ်၊ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၄) စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများသည် ရန်ကုန်မြို့ရှိ ဧရာဝတီရေတပ်စခန်းဌာနချုပ်၌ စခန်းပေါင်းစုံတွေ့ဆုံပွဲပြုလုပ်ကြသည်။



လေကြောင်းလူငယ် သင်တန်းသား၊ သင်တန်းသူများ တပ်မတော်လေယာဉ်ဖြင့် မိတ္ထီလာမြို့သို့ သွားရောက်စဉ်။



တပ်မတော်လေယာဉ်ဖြင့် မိတ္ထီလာမြို့သို့ရောက်ရှိလာသော အခြေခံလေကြောင်းလူငယ် သင်တန်းသား၊ သင်တန်းသူများအား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

ထို့နောက် စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများ၏ စခန်းပေါင်းစုံ ပြိုင်ပွဲများကို ဧရာဝတီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၊ စစ်ရေးပြကွင်းနှင့် အမှတ်(၄) ရေတပ်ဗောတံတားတို့၌ ပြုလုပ်ရာ တပ်မတော်အရာရှိကြီးများ၊ သင်တန်းသား၊ သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့်အုပ်ချုပ်သူများ တက်ရောက်ကြသည်။ ပြိုင်ပွဲတွင် ရေကြောင်းလူငယ် သင်တန်းစခန်း (၁၀) ခုမှ သင်တန်းသား၊ သင်တန်းသူများက သင်တန်းအလိုက် စစ်ရေးပြပြိုင်ပွဲများ၊ ရေတပ်သားဘာသာရပ် ဆိုင်ရာ ရေး/ဖြေစာမေးပွဲ၊ ကြိုးချည်ကြိုးထိုး လက်တွေ့ပြိုင်ပွဲ၊ ရေတိုင်းခြင်းလက်တွေ့ ပြိုင်ပွဲနှင့် ပွဲစင်တပ်ဖွဲ့တာဝန်ဖွဲ့စည်းဆောင် ရွက်မှုလက်တွေ့ပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။



ရေကြောင်းလူငယ် သင်တန်းသား၊ သင်တန်းသူများ ရေတပ်သားဘာသာရပ်ဆိုင်ရာ ရေး/ဖြေစာမေးပွဲ ဖြေဆိုစဉ်။



ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းတို့မှ သင်တန်းသားများ လက်တွေ့ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။

အလားတူ တပ်မတော်(လေ)က ၂၀၂၄ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများကိုဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့တွင် နယ်မြေဒေသအသီးသီးရှိ သင်တန်းစခန်း ၁၇ ခုမှ သင်တန်းသား၊ သင်တန်းသူများသည် ပြိုင်ပွဲများကျင်းပရန်နှင့် ဒေသန္တရလေ့လာရေးခရီးစဉ်များ သွားရောက်ရန် တပ်မတော်လေယာဉ်များ၊ တပ်မတော်မော်တော်ယာဉ်များဖြင့် မိတ္ထီလာမြို့သို့ စုံလင်စွာရောက်ရှိခဲ့ပြီး တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ သင်တန်းသားများသည် မိတ္ထီလာမြို့တွင်အခြေပြု၍ စစ်ရေးပြပြိုင်ပွဲများ၊ RC Simulator / Flight Simulator မောင်းနှင်ခြင်းပြိုင်ပွဲများ၊ RC လေယာဉ်/ရဟတ်ယာဉ်မောင်းနှင်ခြင်း ပြိုင်ပွဲများ ကျင်းပခြင်းနှင့် တပ်မတော်(လေ)သင်တန်းကျောင်းများ၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်သို့ လေ့လာခြင်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် မေ ၁၂

# အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း ဒုတိယနေ့ ဆက်လက်ဆောင်ရွက်



မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ အထူးကုသမှုစင်တာ၌ ဆဋ္ဌမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု ဒုတိယနေ့ဆက်လက်ဆောင်ရွက်စဉ်။

တပ်မတော်တွင် ဆဋ္ဌမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု ဒုတိယနေ့ကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ အထူးကုသမှုစင်တာ၌ဆက်လက်ပြုလုပ်သည်။

အဆိုပါအသည်းအစားထိုးခွဲစိတ်ကုသမှုတွင် လူနာဖြစ်သူ ဦးဇော်ဌေးနှင့် တူမဖြစ်သူ အသည်းအလှူရှင် ဒေါ်နွယ်နွယ်ဝင်းတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် အသည်းအလှူရှင်လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီအချိန်တွင်စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၅ နာရီအချိန်ခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်းဆောင်ရွက်ခဲ့ကာ စုစုပေါင်း ခွဲစိတ်ချိန် ၁၀ နာရီခွဲကြာမြင့်ခဲ့ပါသည်။ အသည်းအလှူရှင်လူနာနှင့်အသည်းလက်ခံလူနာများ၏ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သောပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုးခွဲစိတ်ကုသမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် မေ ၁၂

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

နေပြည်တော် မေ ၁၂

# ကျိုင်းတုံမြို့ရှိ ရုံးများ၊ ဝန်ထမ်းအိမ်ရာများ လှည့်လည်ကြည့်ရှုစစ်ဆေး



သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယမန်နေ့ မွန်းလွဲပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ သမဝါယမဦးစီးဌာနရုံးနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးများသို့ သွားရောက်ပြီး ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ်ဒုတိယဝန်ကြီးက ဦးစီးဌာနအလိုက်၊ ရုံးအလိုက် ဝန်ထမ်းသက်သာချောင်ချိရေးကို ဆောင်ရွက်ပေးရန်၊ မိမိတို့တန်ဖိုးထားသော ဝန်ထမ်းဘဝ မြင့်မားတိုးတက်ရေးအတွက် ဌာနတွင်း ရာထူးတိုးစာမေးပွဲများ ယှဉ်ပြိုင်သကဲ့သို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ကခေါ်ယူသော တစ်ဆင့်မြင့်ရာထူးများအတွက်လည်းကောင်း၊ နိုင်ငံခြားပညာသင်ဆုများကိုလည်းကောင်း အရည်အချင်းကိုက်ညီသူများအနေဖြင့် ဝင်ရောက်ဖြေဆိုကြရန်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အမြန်စတင်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ သမဝါယမဦးစီးဌာနအနေဖြင့် လာမည့်မိုးစပါးစိုက်ပျိုးရာသီတွင် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးများက လိုအပ်သည်များကြိုတင်စီမံ ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားကာ ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

နေပြည်တော် မေ ၁၂

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။






ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **မေလ ၁၀ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင်ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် လျှပ်စစ်လုပ်ငန်းသုံးပစ္စည်း Earthing Lug ကီလိုဂရမ်(၁၈၀) အပါအဝင် ကုန်ပစ္စည်း(၁၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၁၆၉၅၀၀၅၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၂)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Super King အင်ဂျင်ဝိုင်(၁၅၄၈)ကီလိုဂရမ်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်း Bolt & Nut ကီလိုဂရမ် (၂၇၁၅၀) အပါအဝင် ကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၆၄၇၂၄၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် နယ်သာလန်နိုင်ငံထုတ် Starlink Standard Kit Wifi Router (၄)စုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၉၇၂၉၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၁၀ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇာသပြင်ပူးပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Yum Yum ခေါက်ဆွဲခြောက်ထုပ်(၉၀၀)၊ Refreshing Snow Cologne Towels စနိုးတာဝါအထုပ်(၂၀၀၀၀)၊ ပုစွန်နှစ်ကောင် စားအုန်းဆီ (၅)လီတာပါ (၁၀၀)ဘူး၊ Ceramic Tile ကြွေပြားချပ် (၃၉၆၀)၊ Dream Bed အခု (၄၀) အပါအဝင် ကုန်ပစ္စည်း(၁၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၂၄၂၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၅၂၄၂၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၁၀ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၂)စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Zuotu စက်ဘီးအစီး (၇၀၀) နှင့် ကလေးစီး ဆိုင်ကယ်ဘက်ထရီ အလုံး(၁၀၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၇၀၂၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၉၇၀၂၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၁၀ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လိုက်မြို့နယ်အတွင်း၌ လိုင်စင်မဲ့ FZ မော်တော်ဆိုင်ကယ် (၁)စီးနှင့် Canda 125 မော်တော်ဆိုင်ကယ်(၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၁၁ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၂ ဒသမ ၇၀၆)တန်၊ သစ်မာ (၉ ဒသမ ၉၅၈)တန်၊ အခြားသစ် (၁ ဒသမ ၇၈၀)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၆၃၃၇၇)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေလ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၉) မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၆၅၀၅၀၆၇)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)

လန်ဒန်၊ ဘောလုံး

# ဘန်လေအသင်းနှင့် လူတန်အသင်းတို့ ရှုံးပွဲကိုယ်စီတွေ့ကြုံခဲ့ပြီးနောက် ယခုဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ တန်းဆင်းခဲ့ရ



ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၇)အဖြစ်ကစားသည့်ပွဲစဉ်တွင် ဘန်လေအသင်းက စပါးအသင်းကို ၂ ဂိုး-၁ ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် ပြိုင်ပွဲမပြီးဆုံးမီ ဘန်လေအသင်း တန်းဆင်းခဲ့ရကာ ဝက်စ်ဟမ်းအသင်းကိုရှုံးနိမ့်ခဲ့သည့် လူတန်အသင်းသည်လည်း တန်းဆင်းရန်သေချာလျက်ရှိကြောင်း သိရသည်။

ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဘန်လေအသင်းသည် စပါးအသင်းကို ရှုံးနိမ့်ပြီးနောက် ၃၇ ပွဲကစားပြီးချိန်တွင် ငါးပွဲသာအနိုင်ရရှိကာ ကိုးပွဲသရေရလဒ်နှင့် ၂၃ ပွဲအထိရှုံးပွဲတွေ့ကြုံခဲ့သည်။ ဘန်လေအသင်းသည် အဆင့်(၁၉)နေရာ၌ရပ်တည်နေပြီး အဆင့်(၁၇)နေရာ၌ရပ်တည်နေသည့် နော်တင်ဟမ်အသင်းနှင့် ငါးမှတ်သာကွာဟလျက်ရှိရာ ပြိုင်ပွဲပြီးဆုံးရန်မှာလည်း တစ်ပွဲသာကျန်ရှိတော့သည့်အတွက် တန်းဆင်းရန် သေချာနေခြင်းဖြစ်သည်။

ဘန်လေအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တက်ရောက်လာနိုင်သော်လည်း ယခုဘောလုံးရာသီတွင် ရလဒ်ဆိုးများကြောင့် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ တစ်ရာသီသာကစားခဲ့ရပြီး အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရခြင်းဖြစ်သည်။

အလားတူ ပြီးခဲ့သည့်ဘောလုံးရာသီက ဘန်လေအသင်းနှင့်အတူ တန်းတက်လာခဲ့သည့် ရှက်ဖီးလ်ယူနိုက်တက်အသင်းသည် အစောပိုင်းကတည်းက တန်းဆင်းခဲ့ရသကဲ့သို့ လူတန်အသင်းသည်လည်း ဝက်စ်ဟမ်းအသင်းကို ၃ ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်အတွက် ရမှတ် ၂၆ မှတ်ဖြင့် အဆင့်(၁၈)နေရာ၌ရပ်တည်နေပြီး အဆင့်(၁၇)နေရာမှ နော်တင်ဟမ်အသင်းနှင့် သုံးမှတ်ကွာဟနေသည့်အပြင် ဂိုးကွာခြားချက်မှာလည်း ၁၂ ဂိုးအထိရှိနေသည်။ ထို့ကြောင့် လူတန်အသင်းအနေဖြင့် နောက်ဆုံးပွဲစဉ်အဖြစ်ကစားမည့် ဖူလ်ဟမ်အသင်းနှင့်ပွဲစဉ်တွင် အနည်းဆုံး ၁၂ ဂိုးပြတ်နှင့်အထက် အနိုင်ရရှိရန်လိုအပ်နေသောကြောင့် တန်းဆင်းရန်သေချာစေခဲ့ကြောင်း သိရသည်။

***Ref;B/R Football***

လန်ဒန်၊ ဘောလုံး

# အနာဂတ်နှင့်ပတ်သက်ပြီး လာမည့်ရက်သတ္တပတ်အတွင်း သိရမည်ဟု ချယ်လ်ဆီးအသင်း နည်းပြပိုချက်တီနိုအတည်ပြု

ချယ်လ်ဆီးအသင်းနည်းပြ ပိုချက်တီနိုက ၎င်း၏ အနာဂတ်နှင့်ပတ်သက်ပြီး လာမည့်ရက်သတ္တပတ်အတွင်းသိရမည်ဟု နော်တင်ဟမ်အသင်းနှင့်ချယ်လ်ဆီးအသင်းတို့ကစားသည့်ပွဲစဉ်မတိုင်မီ အင်တာဗျူးအစီအစဉ်တွင် အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

နည်းပြပိုချက်တီနိုသည် ယခုဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး အပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေးအသုံးစရိတ်အများအပြားအသုံးပြုကာ ထိပ်တန်းကစားသမားများခေါ်ယူခဲ့သော်လည်း အစောပိုင်းက ရလဒ်မတည်ငြိမ်မှုများကြောင့် အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရရန် သတင်းများထွက်ပေါ်ခဲ့သည်။

ချယ်လ်ဆီးအသင်းသည် နောက်ပိုင်းပွဲစဉ်များတွင် ရလဒ်များပြန်လည်ကောင်းမွန်လာခဲ့ပြီး ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုတွင် ရမှတ် ၅၇ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၇)နေရာအထိ ပြန်လည်တက်လှမ်းလာနိုင်ခဲ့သော်လည်း လက်ရှိအချိန်ထိ ၎င်း၏အနာဂတ်မှာ မရေမရာဖြစ်နေပြီး လာမည့်ရက်သတ္တပတ်အတွင်း သိရမည်ဟုအတည်ပြုခဲ့ကြောင်း သိရသည်။

***Ref;Fabrizio Romano***

ရီယက်၊ ဘောလုံး

# အယ်ဟာဇန်အသင်းကိုအနိုင်ရရှိခဲ့ပြီးနောက် အယ်ဟီလယ်အသင်း ဆော်ဒီပရိုလိဂ်ပြိုင်ပွဲပြီးဆုံးရန် သုံးပွဲအလိုတွင်ပင် ချန်ပီယံဆုဆွတ်ခူး

ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၁)အဖြစ်ကစားသည့် အယ်ဟာဇန်အသင်းနှင့် အယ်ဟီလယ်အသင်းတို့ပွဲစဉ်တွင် အယ်ဟီလယ်အသင်းက ၄ ဂိုး-၁ ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီးနောက် ပြိုင်ပွဲပြီးဆုံးရန် သုံးပွဲအလိုတွင်ပင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၁) အပြီးတွင် အယ်ဟီလယ်အသင်းက ရမှတ် ၈၉ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးနေရာ၌ ရပ်တည်လျက်ရှိပြီး အဆင့်(၂)နေရာမှ အယ်နာဆာအသင်းကို ရမှတ် ၁၂ မှတ်အထိဖြတ်တောက်နိုင်ခဲ့သည့်အတွက် လက်ကျန်ပွဲစဉ်သုံးပွဲတွင် အယ်ဟီလယ်အသင်းအနေဖြင့် သုံးပွဲစလုံးရှုံးနိမ့်ပြီး အယ်နာဆာအသင်းက သုံးပွဲစလုံး အနိုင်ရရှိမည်ဆိုပါကလည်း ရမှတ်သုံးမှတ်ဖြတ်တောက်နိုင်မည်ဖြစ်သည့်အတွက် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အယ်ဟီလယ်အသင်းသည် ယခုဘောလုံးရာသီ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် ၃၁ ပွဲကစားပြီးချိန်အထိ ရှုံးပွဲမရှိသေးဘဲ ၂၉ ပွဲအထိအနိုင်ရရှိခဲ့ကာ နှစ်ပွဲသရေရလဒ်ထွက်ပေါ်ထားပြီး လက်ကျန်ပွဲစဉ်သုံးပွဲတွင် မရှုံးနိမ့်အောင်စွမ်းဆောင်နိုင်ပါက တစ်ရာသီအတွင်း ရှုံးပွဲမရှိဘဲ ဆုဖလားဆွတ်ခူးနိုင်မည်ဖြစ်သည်။

ယခုဘောလုံးရာသီ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ၌ ပြိုင်ပွဲပြီးဆုံးရန် သုံးပွဲအလိုတွင် အယ်နာဆာအသင်းတိုက်စစ်မှူး စီရော်နယ်ဒိုက ၃၃ ဂိုးအထိသွင်းယူထားပြီး ဒုတိယနေရာမှ အယ်ဟီလယ်အသင်းတိုက်စစ်မှူး မီထရိုဗစ်ကို ခုနစ်ဂိုးအထိ ဖြတ်တောက်ထားနိုင်ခဲ့ကြောင်း သိရသည်။

***Ref;The Athletic***

လန်ဒန်၊ ဘောလုံး

# ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် အာဆင်နယ်နှင့် ချယ်လ်ဆီးအသင်းကစားသမားဟောင်း ဆပ်ဖာဗရီဂက်စ်၏ ဂိုးဖန်တီးမှုအကြိမ်ရေကို မန်စီးတီးအသင်းမှ ဒီဘရိုင်းလိုက်မီ



မန်စီးတီးအသင်းကွင်းလယ်ကစားသမား ဒီဘရိုင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်(၃၇)အဖြစ် ကစားသည့် မန်စီးတီးအသင်းက ဖူလ်ဟမ်အသင်းကို ၄ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ဂိုးဖန်တီးမှုအများဆုံးကစားသမားစာရင်းတွင် အာဆင်နယ်အသင်းနှင့် ချယ်လ်ဆီးအသင်းကစားသမားဟောင်း ဆပ်ဖာဗရီဂက်စ်၏ဂိုးဖန်တီးမှုအကြိမ်ရေကို လိုက်မီနိုင်ခဲ့ကြောင်း သိရသည်။

မန်စီးတီးအသင်းက ဖူလ်ဟမ်အသင်းကို ၄ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်၌ ဒီဘရိုင်းသည် ပွဲချိန် ၁၃ မိနစ်တွင် ဂါဗယ်ဒီလိုသွင်းယူသည့် သွင်းဂိုးကို ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့သည်။ ထို့နောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဂိုးဖန်တီးမှုအကြိမ်ရေ ၁၁၁ ကြိမ်အထိရှိလာပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ဂိုးဖန်တီးမှုအများဆုံးကစားသမားစာရင်းတွင် ဆပ်ဖာဗရီဂက်စ်၏စံချိန်ကို လိုက်မီနိုင်ခဲ့ကာ ပူးတွဲဒုတိယနေရာ၌ရပ်တည်နိုင်ခဲ့သည့်အပြင် ယခုဘောလုံးရာသီတွင် ၁၆ ပွဲကစားပြီး ဂိုးဖန်တီးမှုကိုးကြိမ်ပြုလုပ်ထားနိုင်ခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ဂိုးဖန်တီးမှုအများဆုံးကစားသမားစာရင်းတွင် မန်ယူအသင်းကစားသမားဟောင်း ရိုင်ယန်ဂစ်ဂ်က ၁၆၈ ကြိမ်ဖြင့် ထိပ်ဆုံး၌ရပ်တည်နေပြီး ဒီဘရိုင်းက လိုက်မီနိုင်ရန် ၅၇ ကြိမ် လိုအပ်လျက်ရှိသည့်အတွက် ခက်ခဲဖွယ်ရှိကြောင်း သိရသည်။

***Ref;Goal.com***


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
ABA BEER AWARDS
Prize of the Jury 2016
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DAGON
MALTA FRESH
အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom
၉ - မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART nine mile Showroom
KHA YAE PIN MART
RHINO
PORTLAND CEMENT
Lemon Tea
PYIN OO LWIN
NAN MYAING
2+1 Coffee
SUGARMEC
REFINED SUGAR
RAW SUGAR
WHITE SUGAR
TRISTAR


Central Hotel
YANGON
ကျန်းမာရေးစံနှုန်းသတ်မှတ်ချက်များနှင့်အညီ
ပြီးပြည့်စုံသော ဝန်ဆောင်မှု . . .
အမှတ် (၃၅၃~၃၅၇) ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ၊ ပန်းဘဲတန်းမြို့နယ် ၊ ရန်ကုန်မြို့။
ဖုန်း - (၉၅-၁) ၈၂၄၀၀၀၁ ~ ၈၂၄၀၀၀၇


SIN MINN
အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
ISO 9001
BUREAU VERITAS
Certification
UKAS
MANAGEMENT SYSTEMS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၀၁၁၅၅၉၊ email : scfg.kyaukse@gmail.com

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ ရှင်သန်ကိန်းအောင်းလာပြီး အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို စဉ်းစားဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော ဥပဒေနှင့်စည်းကမ်းများကို လေးစားလိုက်နာပြီး စွမ်းဆောင်ရည်မြင့်မားသည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန် လူငယ်များကိုလေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါသည်။ သို့မှသာ ဗလငါးတန်ပြည့်စုံပြီး စွမ်းဆောင်ရည်မြင့်မားသည့်မျိုးဆက်သစ်များဖြင့် အနာဂတ်နိုင်ငံတော်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။ . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင်ကျရောက်သော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများနှင့်တွေ့ဆုံ

## ကျိုင်းတုံဒေသသည် ခရီးသွားလုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် ရေမြေတောတောင်သဘာဝနှင့် ရှေးဟောင်းအမွေအနှစ်များစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် မေ ၁၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများအား ကျိုင်းတုံမြို့၊ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊

စာမျက်နှာ ၅ ကော်လံ ၁ ⏭

ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း

ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)

ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)

ငွေပင်လယ်လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း
ISO 9001:2015

နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com